မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၁ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၅၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဆင်ကျော့ကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့ တိုးတက်စေမည့် အခြေခံဥပဒေသစ်

ဒီမိုကရေစီကို စည်းစနစ်ကျနစွာ ဖော်ဆောင်မည့် ရှေ့လုပ်ငန်းစဉ် (၇) ရပ် ချမှတ်ခဲ့ရာ ယခုအခါ တတိယ လမ်းစဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်း ရေးဆွဲပြီးပြီ။ စတုတ္ထလုပ်ငန်းစဉ် ဖြစ်သော ရေးဆွဲပြီးစီးသည့် အခြေခံဥပဒေမူကြမ်းကို လာမည့် မေလ၌ ပြည်လုံးကျွတ်ဆန္ဒခံယူ အတည်ပြုတော့မည်။ ၂၀၁၀ပြည့်နှစ်တွင် အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကျင်းပရန်လည်း အချိန်ဇယား သတ်မှတ်ပြီးခဲ့ပြီ။

ဦးမျိုးမြင့် (ဥပဒေ)၏ ဆောင်းပါး (စာ ၈–၉)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သီပေါမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက် နံနက် ၉နာရီခွဲတွင် တန့်ယန်း–မိုင်းရယ် လမ်းဆုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ နားနေဆောင်၌ လုပ်ငန်းအင်ဂျင်နီယာမှူးကြီးဦးဝင်းနိုင်က ပန်ညု–ဆောင်ကြဲ–မိုင်းရယ် လမ်းပိုင်း ၂၉မိုင် ၄ဖာလုံတွင် ၁၂မိုင် ကျောက်ခင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် ဆင်ကျော့ကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြရာ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်က စက်ရေတွင်းတူးဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကောင်တိုင်းက ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အဘက်ဘက်မှ တိုးတက်အောင်ဆောင်ရွက်ပေးမှုများအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၁ ရက်)

စိုက်ပျိုးရေရရှိရေး တိုးမြှင့်ဖော်ဆောင် သီးနှံထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြိုးပမ်း

နိုင်ငံတော်က နယ်မြေဒေသအသီးသီးတွင် ဆည်တမံစီမံကိန်းများနှင့်အတူ မြေအောက်ရေရရှိရေးအစီအမံများ၊ ရေပေးတူးမြောင်းများကို တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိရာ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေများဖူလုံလာပြီး ဒေသများ၏ လူမှုစီးပွားဘဝအခြေအနေ တိုးတက်ပြောင်းလဲလာနေပြီ ဖြစ်သည်။

ရန်ကုန်တိုင်း သုံးခွမြို့နယ်၌ တကောရေထိန်းတံခါးကို ဖေဖော်ဝါရီလ ၂၆ရက်နေ့က တည်ဆောက်ဖွင့်လှစ်လိုက်ရာ စိုက်ပျိုးမြေဧက ၁၅၀၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး တစ်နှစ်သုံးသီး တိုးချဲ့စိုက်ပျိုးလာနိုင်သဖြင့် ဝင်ငွေတိုးပွားစည်ပင် လာလျက်ရှိသည်။

သုံးခွမြို့နယ်ရှိ တကောရေထိန်းတံခါးအပါအဝင် နိုင်ငံတစ်ဝန်းဆည်တမံ ၂၀၈ခုနှင့် မြစ်ရေတင်စီမံကိန်း ၃၀၅ခု တည်ဆောက်ပေးထားပြီးဖြစ်ရာ လယ်မြေဧက နှစ်သန်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီဖြစ်သည်။

တကောရေထိန်းတံခါး တည်ဆောက်နိုင်သည့်အတွက် ရေကြီး၊ ရေလွှမ်းကွင်းများအတွင်းရှိ စိုက်ပျိုးသီးနှံများ ရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်သည့်အပြင် နွေရာသီတွင် အခြားစိုက်ပျိုးသီးနှံများအတွက် ရေချိုသိုလှောင်ပေးနိုင်ပြီ ဖြစ်သည်။

ယခင်က စပါးနှင့်ပဲ နှစ်သီးသာစိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ တတိယတစ်သီး နွေစပါးထပ်မံ စိုက်ပျိုးနိုင်ပြီဖြစ်သည်။ ထို့အပြင် သုံးခွမြို့နယ်အတွင်းရှိ ပြည်သူများအတွက် သောက်သုံးရေအတွက်ပါ ဖြည့်ဆည်းနိုင်ပြီဖြစ်သည်။

နိုင်ငံတော်က လယ်ယာကုန်ထုတ်မှု ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေရရှိရေးစီမံကိန်းများကို တစ်နိုင်ငံလုံးတွင် တိုးမြှင့်တည်ဆောက် ပေးလျက်ရှိရာ ဒေသခံ တောင်သူများက ရေသယံဇာတများကို ထိရောက်စွာ သုံးစွဲပြီး စပါးအပါအဝင် သီးထပ်သီးညှပ်သီးနှံများ တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် သီးနှံထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက ဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့် ၉လမ်း အမှတ် (၃၉၁/၃၉၂) မြစ်ရိပ်ငြိမ်နေ ဆရာကြီးဦးလှကျော်(ငြိမ်း)- ဒေါ်တင်ညွန့်ကျော် (မြသီတာစာပေ)မိသားစုက အလှူငွေကျပ်(အမေရိကန်ဒေါ်လာ၁၀၀)ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ အမှူးဆောင်ဆရာတော်(ဆိပ်ဖြူ) အရှင်ကုမာရ(မဟာဓမ္မာစရိယ) (M.A)(Thesis) ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ဝတီရုပ်မြင်သံကြား

၁-၃-၂၀၀၈(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အချစ်ကြောင့်အပြစ်ရှိသူများ ထွန်းထွန်း(Example) သင်ဇာဝင့်ကျော်၊ မိုးဟေကို**
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း** (အပိုင်း-၄၂)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ လူရွှင်တော်ရွှေဖလား
၁၈။ English Usage
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူ့ရဲကောင်း** (ဒုတိယတွဲ)(အပိုင်း-၃၇)

မြန်မာ-တရုတ်နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ တတိယအကြိမ်အဆင့်မြင့်အရာရှိများ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၉

မြန်မာ-တရုတ်နှစ်နိုင်ငံ လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ တတိယအကြိမ် အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ (အပေါ်ပုံ)

အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှုခင်းစုံစမ်းစစ်ဆေးရေးဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms.Yuan Xiaoyin ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၀၀၇ ခုနှစ်အတွင်း လူကုန်ကူးမှု တိုက်ဖျက်ရေး ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၀၈ ခုနှစ်တွင် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီ ၂၉ရက်တွင် မြန်မာ-တရုတ် လူကုန်ကူးမှု ပူးပေါင်း တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ ရေးဆွဲနိုင်ရေးအတွက် ဆက်လက် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြူးမဟာစည် သိမ်တော်လှူဒါန်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ သီတင်းသုံးတော်မူရာ ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည်ရိပ်သာတွင် သာသနာ့ ဝပုကာရီသိမ်တော်မင်္ဂလာကို အကျိုးတော်ဆောင်အဖွဲ့က ဦးစီး၍ ဒါယကာ၊ ဒါယိကာမများ စုပေါင်းဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ အလှူတော် ပါဝင်လိုသူများသည် ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁) နှင့် ၀၉-၅၀-၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က ကြီးမှူး၍ Dr.Thein Win, Consultant (T-Mobile Company) Executive Director Sysinno. com Company မှ Telecommunication Technol -ogy and Information Technology in the Future ခေါင်းစဉ်ဖြင့် မတ်၄ရက် (အင်္ဂါနေ့) မွန်းလွဲ၁နာရီမှ ညနေ၃နာရီအထိ ရန်ကုန်တိုင်း လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း၂၀၅၌ ဆွေးနွေးဟောပြောမည် ဖြစ်သည်။

ဟောပြောပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် စစ်တက္ကသိုလ်အမှတ်(၂၁) ဗိုလ်လောင်းသင်တန်း ကျောင်းဆင်းများက (၂၈) ကြိမ်မြောက်အလှူငွေကျပ် နှစ်သိန်းတစ်သောင်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပန်းတနော် အလက (ဘိတ်ကျောင်း) ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပန်းတနော်မြို့ အခြေခံပညာအလယ်တန်းကျောင်း (ဘိတ်ကျောင်း)၏ နှစ်ငါးဆယ်ပြည့်ရွှေရတုသဘင်နှင့် သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ကံ့ကော်ဆောင်၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲကို ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်လှူဖွယ်ပစ္စည်းလှူဒါန်းလိုပါက ဒေါက်တာလှစိုး(ရန်ကုန်) ဖုန်း-၀၉-၅၁-၂၀၇၇၆၊ ဦးဖိုးလတ်ဝင်း(ကျောင်းအုပ်ဆရာကြီး) ဖုန်း- ၀၄၆-၃၀၄၈၁၊ ဦးကျုံဟိုင်း ဖုန်း-၀၄၆-၃၀၃၅၉၊ ဦးစန်းတင့် ဖုန်း-၀၄၆-၃၀၂၃၇၊ ဦးမြတ်သူရ ဖုန်း- ၀၄၆- ၃၀၀၀၇နှင့် ဦးအေးမြင့် (ဓနုဖြူ-အေးမြင့်) ဖုန်း- ၀၄၆-၃၀၁၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ အထူးဓမ္မပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ကြေးသွန်းဘုရားကြီးအနီးရှိ မင်္ဂလာဈေး ဓမ္မာရုံတွင် နိုင်ငံတော်၁၁ဘွဲ့ရ ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်း တရားများကို မတ်၅ရက်(ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ဟောကြားမည်ဖြစ်ရာ တရားနာကြွရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

မကောင်းမှုပြုက စိုးရိမ်ပူပန်ရ၏

မကောင်းမှုပြုသောသူသည် ဤဘဝတွင်လည်း စိုးရိမ်ရ၏။ နောင်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သောဘဝတို့၌ စိုးရိမ်ရ၏။ ထိုသူသည် မိမိပြုမိသော မကောင်းမှုကို မိမိစိတ်တွင် အမြဲတစေ တွေးတောမြင်မိနေခြင်းဖြင့် ထာဝရ စိုးရိမ်ပူပန် ဆင်းရဲခြင်း ဒုက္ခဖြင့်သာ ရင်ဆိုင်နေရပေမည်။

(ဓမ္မပဒ ၁၅)

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

သုံးလူ့ထွတ်ထား ဂေါတမမြတ်စွာဘုရား ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဝါတော်အားဖြင့် ၂၀ ကျော်ခန့်ကာလက ယခုကျိုက်ဝိုင်းစေတီတော်တည်ရှိရာ မဟောသရ ကုန်းတော်ဟု အမည်တွင်ရှိသော ကုန်းတော်မြတ်သို့ တစ်ပါးတည်း ကြွရောက်ပြီး မဟောသရနတ်မင်းကြီးနှင့် တန်ခိုးပြိုင်ရာ ရှုံးနိမ့်သွားသူ မဟောသရ နတ်မင်းကြီးနှင့် နတ်ဘီလူးအပေါင်းတို့ အကျွတ်တရား ရရှိသွားကြသဖြင့်အစဉ်ကိုးကွယ်နိုင်ရန်အလို့ငှာ ဘုရားရှင်၏ ဆံတော်တစ်ဆူ ပေးသနားချီးမြှင့်တော်မူခဲ့ရာ နတ်ဘီလူးမင်း အပေါင်းတို့က ရတနာကြုတ်ဖြင့် လိုဏ်ခေါင်းအတွင်း၌ တည်ထားကိုးကွယ်ခဲ့ကြပါသည်။ မင်းအဆက်ဆက်က ဆက်လက်၍ စေတီတည်ထားကိုးကွယ်ခဲ့ရာ ကာလအတန်ကြာသောအခါ စေတီတော်ကြီး ပျက်စီးယိုယွင်းလာသဖြင့် ၁၂၂၅ ခုနှစ်တွင် ဖိုးသူတော် ဦးကာယ ဦးဆောင်၍ ပြန်လည်ပြုပြင်ပြီး ထိုနှစ်မှာပင် စေတီတော်ကြီး၏ ဘုရားပွဲတော် စတင်ခဲ့ကြောင်း၊ မွန်ဘာသာစကားဖြင့် ကျိုက်အဝိုင်အွတ်ဟုခေါ်တွင်ခဲ့ရာမှ ကျိုက်ဝိုင်းစေတီတော်ဟု ထင်ရှားလာခဲ့သည်။

ဖျော်ဖြေမည်

၁၂၂၅ခုနှစ်မှ စတင်ခဲ့သည့် ဘုရားပွဲတော်သည် ယခုဆိုလျှင် (၁၄၅)ကြိမ်မြောက်ပင် ရှိလာခဲ့သည်။ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်မှာရှိတဲ့ သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး (၁၄၅) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ယနေ့ညနေ ၅နာရီက တောင်ဘက်မုခ်ဦးရှေ့၌ ဖွင့်လှစ်လိုက်သည်။ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာစသည့် ပူဇော်ပွဲများ၊ ပွဲတော်လာဘုရားဖူးပြည်သူများ ရွှင်လန်းချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် ပျော်ပွဲရွှင်ပွဲများကို အပန်းဖြေကြည့်ရှုနိုင်ရန် ဖျော်ဖြေမည်ဖြစ်သည်။

ဖဲကြိုးဖြတ်

ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ဦးသိန်းထွန်း၊ ဦးအေးကို ဂေါပကအဖွဲ့ဝင်များ၊ ဦးတင်အုန်း မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဦးကျော်ကျော်ဝင်း အမှတ် (၃)ရပ်ကွက် ဥက္ကဋ္ဌ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ကပြဖျော်ဖြေ

ပျော်ပွဲရွှင်ပွဲအဖြစ် ဇာတ်သဘင် အဖွဲ့များကတော့ ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၃ရက်အထိ မိုးမင်းဇာတ်သဘင်၊ မတ် ၄ရက်မှ ၈ရက်အထိ မိုးဝင်းဇာတ်သဘင်များ ကပြဖျော်ဖြေလျက်ရှိပြီး မတ် ၆ရက်ညနေ ၄နာရီတွင် ရင်ပြင်တော်ပေါ်၌ သံဃာတော်အပါး ၂၀၀ တို့အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲများ ကျင်းပမည်ဖြစ်ကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၇း၅၅	၆။	တေးဂီတအစီအစဉ်
၈း၁၀	၇။	တံတားအလှပန်းလောင်
၈း၁၅	၈။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၄၀	၃။	ချစ်စရာ့အရွယ် ကစားကြမယ်
၁၂း၀၅	၄။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၁၅	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ စစ်သူကြီးဆွန်ကြီး (အပိုင်း-၁၁)
၁၃း၀၀	၆။	လောကနီတိ(၅) **မေတ္တာ=အတိမ်အနက်ကို ချိန်ဆက်၍ ကြည့်သောအခါ** ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ-ခင်ဇော်)
၁၄း၀၀	၇။	အတီးပြိုင်ပွဲ
၁၄း၁၅	၈။	တေးဂီတအစီအစဉ်
၁၄း၂၅	၉။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၄၀	၁၀။	ဖောင်းကတော ရေလျှောင်တမံ
၁၄း၄၅	၁၁။	International News
၁၅း၀၀	၁၂။	အစီအစဉ်ပြီး၏

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ(စတုတ္ထနှစ်) (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ)
၁၇း၀၀	၅။	မျိုးမျိုးကြွကြွ ယဉ်ကျေးမှုအက
၁၇း၁၀	၆။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၃ ခုနှစ်)
၁၇း၂၀	၇။	မြန်မာ့ဓလေ့ရိုးရာလက်ဇော့
၁၇း၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀	၉။	ညနေခင်းသတင်း
၁၈း၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၁။	အလှရှာမယ်လှကမ္ဘာဝယ်
၁၉း၀၀	၁၂။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၁၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း-၁၇)
၂၀း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၅)
	၁၈။	နောက်တစ်နေ့အစီအစဉ်

ဒို့ကျေးရွာ ဂျာနယ်အတွဲ(၅)၊ အမှတ်(၅)ထွက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၉



ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၅)ကို မတ် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

ယခုအပတ်ဂျာနယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ စက်မှုလယ်ယာ ကူးပြောင်းစို့၊ သိန်းသောင်းတန်သော ရွှေဖရုံ၊ ဝင်ငွေတိုးမည့် မေမြို့ပန်း၊ ဘာပဲစိုက်စိုက် နေကြာသီးညှပ်စိုက်ဆိုရာတွင် နည်းစနစ်မှန်ရန်လိုအပ်၊ လက်ဖက် စိုက်ပျိုးဝင်ငွေတိုး၊ ကြွေးမတင်ခင် ဝက်မွေးပါ၊ တို့ကျေးရွာမိသားစု ဝင်ငွေတိုးဖို့ ဘဲမွေးစို့၊ ဆေးအသုံးဝင်ဟင်းနုနယ်ပင်၊ ခရမ်းသီးစားခြင်းဖြင့် ကိုလက်စထရောကျဆင်းနိုင်စသည့် စိုက်ပျိုး၊ မွေးမြူရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ အင်းပေါခုံရွာ ပိုးထည်ရက်ကန်း၊ အပြိုင်အဆိုင် ဗိုလ်လုရတဲ့ယှဉ်ပြိုင်ပွဲမှာ အနိုင်ရချင်တယ်ဆိုရင် စိတ်ရောကိုယ်ပါကြွခိုင်အောင် ထူထောင်ပါ၊ ဒို့ကျေးရွာ စာဖတ်ချိန်၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ တစ်နိုင်ငံလုံးတွင် မြန်မာစာအမှတ်အများဆုံးရရှိသူများ စသည့် အသိပညာပေးဆောင်းပါးများ၊ ရိုးပြတ်တောမှာ နွေအခါရွာတဲ့ မိုးရေများ စသည့် ဝတ္ထုတိုများအပြင် ဟာသ၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ မြန်မာဗီဒီယိုဇာတ်လမ်းများ၊ သတင်းအတိုအထွာများ၊ သုတရသ စုံလင်စွာဖြင့် ဖော်ပြထားသည်။

ဆက်သွယ်ပေးပို့

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန် စာအုပ် အရောင်းဆိုင်၊ ဝါမိုးအောင်စာအုပ်ဆိုင်တို့၌ တစ်စောင်လျှင် ငွေကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပြီး ဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းဘူးစည်ပင်သာယာဈေး မီးဘေးကာကွယ်ရေးစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မင်းဘူးမြို့ စည်ပင်သာယာဈေးကြီး မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မီးဘေးကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၂ ရက်က မကွေးတိုင်း မီးသတ်တပ်ဖွဲ့မှူး၊ မြို့နယ် မီးသတ်တပ်ဖွဲ့မှူးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးအရန် မီးသတ်တပ်ဖွဲ့များ စုပေါင်းစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြို့ကြီးများ၌ နေထိုင်သော ကမ္ဘာ့လူဦးရေ ယခုနှစ်ကုန်ပိုင်းတွင် ထက်ဝက်ရှိလာမည်

ဂျိနီဗာ ဖေဖော်ဝါရီ ၂၉

ယခုနှစ်နှစ်ကုန်ပိုင်းတွင် ကမ္ဘာ့လူဦးရေထက်ဝက်ခန့်သည် မြို့ကြီးများ၌နေထိုင်ကြသူများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ဖေဖော်ဝါရီ ၂၈ရက်၌ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

မြင့်တက်လာမည်

အဆိုပါ ထုတ်ပြန်သောအစီရင်ခံစာအရ ၂၀၅၀ပြည့်နှစ်တွင် မြို့ကြီးများ၌နေထိုင်သူ သန်းပေါင်း ၆၄၀၀ ရှိလာမည် ဖြစ်ကြောင်း၊ ယခုလက်ရှိ မြို့ပြနေထိုင်သူ သန်းပေါင်း ၃၃၀၀ရှိရာမှ မြင့်တက်လာမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လူဦးရေသည် လက်ရှိ သန်း ပေါင်း ၆၇၀၀ ရှိရာမှ ၂၀၅၀ပြည့်နှစ်တွင် သန်းပေါင်း၉၂၀၀အထိ မြင့်တက်လာမည်ဟုမျှော်လင့်ရကြောင်း ကြေညာချက်၌ ဖော်ပြသည်။

များပြားလာ

ကမ္ဘာ့ဖွံ့ဖြိုးမှုအများဆုံးဒေသများ ဖြစ်သည့် ဥရောပ၊ မြောက်အမေရိကနှင့် သမုဒ္ဒရာဇုန်ဒေသများသည် ကျေးလက်ဒေသများထက် မြို့ပြများ၌နေထိုင်သူ ပိုများပြားလာမည်ဟုဆိုသည်။

မြို့ပြနေပြည်သူများ တိုးလာချိန်တွင် ကမ္ဘာ့ကျေးလက်နေ ပြည်သူစုစုပေါင်းသည် ဆယ်စုနှစ်တစ်စုအတွင်း ကျဆင်းသွားဖွယ်ရှိကြောင်း၊ ၂၀၀၇ခုနှစ် တွင်ကျေးလက်နေ ပြည်သူသန်းပေါင်း ၃၄၀၀ ခန့်ရှိရာမှ ၂၀၅၀ပြည့်နှစ်၌ သန်းပေါင်း ၂၈၀၀သို့ ကျဆင်းသွားနိုင်ကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အများဆုံး

အိန္ဒိယနိုင်ငံရှိ မွန်ဘိုင်းနှင့် နယူးဒေလီမြို့ကြီးများသည် လူဦးရေအများဆုံးမြို့ကြီးများ ဖြစ်သည်။ မွန်ဘိုင်း၌ လူဦးရေ ၁၉သန်းရှိပြီး နယူးဒေလီတွင် လူဦးရေ ၁၈ ဒသမ၈သန်း ရှိသည်။

ယင်းမြို့ကြီးများသည် ကျေးလက်ဖွံ့ဖြိုးရေး တွန်းအားပေးဆောင်ရွက်ကာ မြို့ပြလူဦးရေကျဆင်းစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ကင်ဆာရောဂါကုသမှုခံယူနေသော ဝေဒနာရှင်များ သွေးအားနည်းရောဂါပျောက်ဆေးသုံးစွဲလျှင် သေဆုံးနိုင်ဖွယ်ရှိ

ချီကာဂို ဖေဖော်ဝါရီ ၂၉

သွေးအားနည်းရောဂါပျောက်ဆေးနှင့် ကင်ဆာရောဂါကုသနေသော ဝေဒနာရှင်များသည် သွေးခဲသေဆုံးနိုင်ကြောင်း၊ ယင်းဆေးဝါးများ အလွန်အကျွံသုံးစွဲနေသည့်အတွက် စိုးရိမ်ပူပန်ကြောင်း အမေရိကန်ဆေးသုတေသနပညာရှင်များ ဖေဖော်ဝါရီ ၂၆ရက်တွင် ပြောကြားသည်။

ရာခိုင်နှုန်း

ကင်ဆာရောဂါရှိသော ဝေဒနာရှင်များသည် သွေးအားနည်းပျောက်ဆေး သောက်သုံးသူများအား ယင်းဆေးသုံးစွဲခြင်းမရှိသော ကင်ဆာဝေဒနာရှင်များနှင့် နှိုင်းယှဉ်ကြည့်ပါက သေဆုံးရန် ၁၀ရာခိုင်နှုန်းခန့်ရှိနေကြောင်း ဆေးပညာရှင်များက ဆက်လက်ပြောကြားသည်။

ဖော်ပြ

သွေးအားနည်းရောဂါပျောက်ဆေးသည် ကင်ဆာရောဂါဝေဒနာ ခံစားနေရသူများအတွက် ပို၍ရှုပ်ထွေးစေနိုင်သည်ဟု ဆိုထားသည်။ အဆိုပါ လေ့လာတွေ့ရှိချက်သည် ယခင်ကတွေ့ရှိထားသည့်အချက်နှင့် ယခုတွေ့ရှိသည့်အချက်မှာ ခြားနားမှုများရှိကြောင်း ချီကာဂိုအနောက်မြောက်ပိုင်း တက္ကသိုလ်မှ ဒေါက်တာချာလီဘင်နက်ကပြောသည်ကို အမေရိကန်ဆေးဘက်ဆိုင်ရာ အသင်းဂျာနယ်ကဖော်ပြသည်။ ယင်းဆေးဝါးသည် ကင်ဆာရောဂါ ဝေဒနာရှင်များအတွက် အဆုတ်နှင့် ခြေထောက်တို့တွင် သွေးခဲရန် ၅၇ရာခိုင်နှုန်းရှိသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘဝအမောပြေ

စာရင်းကိုင်ဆိုတာ . . .

စာရင်းကိုင်တစ်ဦး ဆရာဝန်ထံ ရောက်လာပြီး သူခံစားနေရသော ဝေဒနာအား ပြောပြလေသည်။

စာရင်းကိုင် ။ ။ ဒေါက်တာ…၊ ကျွန်တော် ညဘက်မှာအိပ်လို့မရဘူး။

ဆရာဝန် ။ ။ ဒါဆိုရင်… ကိန်းဂဏန်းတွေ တစ်ကနေပြီး ၅၀၀ အထိ ရေတွက်ပါ၊ အိပ်ပျော်သွားပါလိမ့်မယ်။

စာရင်းကိုင် ။ ။ လုပ်ပြီးပါပြီ…အိပ်မပျော်ပါဘူး ဒေါက်တာ။

ဆရာဝန် ။ ။ ခင်ဗျားက…ကိန်းဂဏန်း ဘယ်လိုရေတွက်လို့လဲ။

စာရင်းကိုင် ။ ။ အစဉ်လိုက်ချရေးပါတယ်။ ရေးရင်းမှားလို့ပြင်ပါတယ်။ ပြင်ရင်း မှားရင်းနဲ့ မိုးလင်းသွားပါတယ်။

ဆရာဝန် ။ ။ “ဗျာ”



နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဒေးဗွန်း ဖေဖော်ဝါရီ ၂၉

ဗြိတိန်နိုင်ငံ ဒေးဗွန်းအရပ်ရှိ ပလိုင်းမောက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် စကားပြောသင်ကြားပေးနိုင်သောစက်ရုပ်တစ်ရုပ်ကိုတီထွင်ထုတ်လုပ်လိုက်သည်။

ဘာသာစကား သင်ကြားပေးနိုင်သော လူသားစက်ရုပ် တီထွင်ထုတ်လုပ်

အဆိုပါတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဘာသာစကားပြောသင်ကြားပေးနိုင်သော လူသားစက်ရုပ်ကို ထုတ်လုပ်ရေး အပြီးသတ်ကြိုးစားနေပြီဖြစ်သည်။

ပလိုင်းမောက်တက္ကသိုလ်မှ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့သည် အမြင့်သုံးပေရှိ အိုင်ကပ်ဟုခေါ်သောစက်ရုပ်ကိုတီထွင်ထုတ်လုပ်ခဲ့သည်။

ကျွမ်းကျင်သူ

လာမည့်လေးနှစ်တာကာလအတွင်း မိဘက သားသမီးများကို သင်ကြားပေးသည့် စကားအတိုင်း စက်ရုပ်က သင်ကြားပေးနိုင်တော့မည်ဖြစ်ကြောင်း ပလိုင်းမောက်တက္ကသိုလ်မှ စက်ရုပ်ကျွမ်းကျင်သူများက ပြောကြားသည်။

ပေါ်ထွန်းလာနိုင်

ယင်းတီထွင်ထုတ်လုပ်နိုင်မှုသည် အနာဂတ်တွင် လူသားများကို ဘာသာစကားသင်ကြားပေးနိုင်သော လူသားစက်ရုပ်များ ပေါ်ထွန်းလာနိုင်မည်ဟု ဆိုသည်။

(အင်တာနက်)



စက်ရုပ်

စာသင်ခန်းအတွင်း ကလေးများကို စာသင်ပေး နိုင် သော စက်ရုပ်။

(အင်တာနက်ဓာတ်ပုံ)

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရရှိ

မနီလာ ဖေဖော်ဝါရီ ၂၉

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၂၈ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ တူနာမြို့၌ ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီ ၄၅မိနစ်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ တူနာမြို့ထူထောင်ခြင်း(၆၉)နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားပြုလုပ်နေချိန်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သော်လည်း လူစုလူဝေးနှင့်အနည်းငယ် အလှမ်းဝေးသောနေရာ၌ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါဗုံးမှာ ဗုံးကိုသယ်ဆောင်လာသူတစ်ဦးက သေချာစွာစီစဉ်ပြီး ဖောက်ခွဲခဲ့ခြင်းမဟုတ်ဘဲ လူရှင်းသည့်နေရာ၌ ချထားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

(အင်တာနက်)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၄၂၀ အကွာ ဘူဆန်မြို့ ကုန်သေတ္တာဆိပ်ကမ်းကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန်နိုင်ငံ ချီကာဂိုမြို့ ဆင်ခြေဖုံးအရပ်တွင် ဖေဖော်ဝါရီ ၂၈ရက်က အလုပြင်ဆိုင် တစ်ခု၌ ဓာတ်ငွေ့ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(ယင်းဓာတ်ငွေ့အိုးပေါက်ကွဲရာတွင် အနီးရှိ စတိုးဆိုင်နှစ်ဆိုင်သို့ မီးကူးစက်လောင်ခဲ့၍ ခြောက်ဦး ဒဏ်ရာ ရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ပျောက်ဆုံးနေသော ညီအစ်ကို ရေတွင်းထဲ၌ သေဆုံးလျက်တွေ့ရှိ

ဘာရီ(အီတလီ) ဖေဖော်ဝါရီ ၂၉

အီတလီနိုင်ငံ၌ ရေတွင်းတစ်တွင်း၏ အောက်ခြေတွင် အလောင်းနှစ်လောင်း တွေ့ရှိခဲ့ရာ လွန်ခဲ့သော လ ၂၀က ပျောက်ဆုံးသွားသည့် ညီအစ်ကိုနှစ်ဦး၏ အလောင်းဖြစ်ဖွယ်ရှိကြောင်း၊ ယင်း အလောင်းနှစ်လောင်းကို မီးသတ်တပ်ဖွဲ့များက ဆယ်ယူခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၆ရက်တွင် ပြောကြားသည်။

ဆက်လက်ပြောကြား

အဆိုပါအလောင်းများကို အီတလီနိုင်ငံ အရှေ့တောင်ပိုင်း ဘာရီမြို့အနီး ဂရာဗီနာအရပ်ရှိ ရေတွင်းတစ်တွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၄င်းရေတွင်းမှာ ၆၅ပေနက်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

ယင်းအလောင်းများသည် လွန်ခဲ့သောလ ၂၀ကပျောက်ဆုံးသွားခဲ့သော အသက်၁၃နှစ်ရှိ ဖရန်ဆက်ကိုနှင့်အသက် ၁၁နှစ်ရှိ ဆယ်ဗာတိုရီတို့၏ အလောင်းများဖြစ်ဖွယ်ရှိကြောင်း၊ ယင်းတို့၏ဖခင်သည် ကလေးများအား သတ်သည်ဟု စွပ်စွဲချက်ဖြင့် အကျဉ်းချထားခြင်းခံနေရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဆက်လက်ဖြစ်ပွား ကြက်ကောင်ရေခုနစ်ထောင်ခန့်သုတ်သင်ခဲ့

ဒါကာ ဖေဖော်ဝါရီ ၂၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေး ကူးစက်ခံရမှုကြောင့် ခရိုင်သုံးခု၌ နှစ်ရက်အတွင်း ကြက်ကောင်ရေ ၆၉၈၆၂ကောင်နှင့် ကြက်ဥအလုံး ၂၃၅၄၀၈လုံးကို သုတ်သင်ဖျက်ဆီးခဲ့ကြောင်း ဒေလီးစတား သတင်းစာက ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေးသားဖော်ပြသည်။

ဖျက်ဆီး

ဘင်္ဂလားဒေ့ရှ် မွေးမြူရေးဦးစီးဌာနက ဒါကာမြို့မြောက်ဘက် ကီလိုမီတာ ၁၂၀အကွာ မိုင်မင်ဆင်းခရိုင်၌ မွေးမြူရေးခြံတစ်ခြံမှ ကြက်ကောင်ရေ ၅၈၁၃၀နှင့် ကြက်ဥ၂၂၆၈၁၃လုံးကိုလည်း ဖျက်ဆီးခဲ့သည်။

အဆိုပါ ကြက်ခြံ၌ ဖေဖော်ဝါရီ၂၃ ရက်က ကြက်ငှက်တုပ်ကွေး ကူးစက်မှုကို စမ်းသပ်တွေ့ရှိခဲ့ကြောင်း ကြက်ငှက်တုပ်ကွေးထိန်းချုပ်ရေးသတင်းရပ်ကွက်က ပြောကြားသည်။

ထိန်းချုပ်ရေး

စစ်တကောင်းခရိုင် တောင်ပိုင်းနှင့် ဘော်ရယ်ခါလီမြို့ တောင်ပိုင်း၌လည်း မွေးမြူရေးဦးစီးဌာနမှ အဖွဲ့တစ်ဖွဲ့သည် ကြက်၊ ဘဲနှင့် ခိုအပါအဝင် ကောင်ရေ ၂၃၃၃ကောင်နှင့် ကြက်ဥ၁၄၀ကို ဖျက်ဆီးခဲ့ကြောင်း ကြက်ငှက်တုပ်ကွေးထိန်းချုပ်ရေးသတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

သုတ်သင်

ယနေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ခရိုင်၆၄ခရိုင်ရှိရာတွင် ၄၄ခရိုင်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားခဲ့ရာ ကြက်ငှက်နှင့် ဘဲကောင်ရေ ၁၀၅၈၇၇၈ ကောင်နှင့် ကြက်ဥ ၁၄၅၆၅၅၁လုံးကို သုတ်သင်ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း ကြက်ငှက်တုပ်ကွေး ထိန်းချုပ်ရေးအဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

ပေါ့ဆစွာ မီးသုံးစွဲခဲ့ပါလျှင် ...

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဖေဖော်ဝါရီ၂၈ရက်က မတော်တဆဖြစ်ရပ်ကြောင့် လူတစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ကလေးကစားစရာသေနတ်များ၌ ထည့်သွင်းအသုံးပြုရန် ခဲယမ်းမီးကျောက်များ တင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ လိုက်ပါလာသူများအနက် တစ်ဦးက ဆေးလိပ်သောက်ရန်မီးခြစ်ရာမှ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံးကာ လေးဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ပေါက်ကွဲမီးလောင်မှုဖြစ်စေနိုင်သည့် အနီးဝန်းကျင်၌ ဆေးလိပ်သောက်မှုနှင့် မီးသုံးစွဲမှုများ အထူးသတိထားဆောင်ရွက်သင့်ကြောင်း ဤဖြစ်ရပ်က သင်ခန်းစာပေးလျက်ရှိသည်။

မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ၂၈ရက်က အီဂျစ်ယဉ်ကျေးမှုအဖွဲ့ဝင်တစ်ဦးက ထူးထူးခြားခြား မှိုပွင့်ဒီဇိုင်းဝတ်စုံဖြင့် ကပြဖျော်ဖြေမှုကို ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

ခါးအသေးဆုံး အမျိုးသမီး

အမေရိကန်နိုင်ငံ နယူးယောက် မြို့မှ ကာသေးဂျန် အမည်ရှိ အမျိုးသမီး၏ ခါးအတိုင်းမှာ ၁၅ လက်မသာရှိရာ ကမ္ဘာပေါ်၌ ခါးအသေးဆုံး အမျိုးသမီး အဖြစ် ဖေဖော်ဝါရီ ၂၈ရက်က ဂင်းနက်စ် မှတ်တမ်းတွင် ဖော်ပြခံခဲ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

လက်ဖက်ရည်ပွဲတော်ကြီး

အိန္ဒိယနိုင်ငံ အင်ဒိုရီမြို့၌ ဖေဖော်ဝါရီ ၂၇ရက်က ဒေသခံပြည်သူ၄၀၀၀၀ တို့က စုပေါင်းပြီး ကမ္ဘာပေါ်၌ အကြီးဆုံး လက်ဖက်ရည်သောက်ပွဲကြီး ကျင်းပခဲ့ရာ ကမ္ဘာပေါ်တွင် လူဦးရေ အများဆုံး လက်ဖက်ရည်ပွဲတော်ကြီး အဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အချစ်အတွက်ပေးဆပ်ခဲ့ရခြင်းသည်လည်း ...

ဗြိတိန်နိုင်ငံ၏ မြို့တော်လန်ဒန်သည် လူဦးရေထူထပ်သိပ်သည်းပြီး ကြီးကျယ်ခမ်းနား စည်ကားလှသော မြို့ကြီးတစ်မြို့ဖြစ်သည်။ လန်ဒန်မြို့၏ အနောက်တောင်ပိုင်းရှိ ရစ်ချ်မွန်အရပ်တွင် ကိတ်ဘီအက်လေ **(ယာပုံ)** သည် ငယ်စဉ်ကတည်းကအသက်၃၀ ကျော်သည်အထိ နေထိုင်ခဲ့သည်။

ပျော်ပျော်ရွှင်ရွှင်နေထိုင်

ကိတ်သည် အသက်၂၀အရွယ်ဖြစ်သည့် ၁၉၉၅ခုနှစ်က စီးပွားရေးစီမံခန့်ခွဲမှုပညာဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ဘွဲ့ရပြီးပြီးချင်း အလုပ်ဝင်ရာ သူ၏ ရိုးသားပြီး အလုပ်ကြိုးစားမှုကြောင့် လုပ်သက် ခြောက်နှစ်အကြာတွင် အရောင်းမန်နေဂျာအဖြစ် ရာထူးတိုးခဲ့သည်။ သူ၏ ငွေကြေးစုဆောင်းမှုကြောင့် ဇိမ်ခံကားတစ်စီးနှင့် လက်ကိုင်ဖုန်းတို့ကို ဝယ်ယူနိုင်ခဲ့သည်။ ကိတ်သည် မိသားစု စုံလင်စွာဖြင့် ပျော်ပျော်ရွှင်ရွှင်နေထိုင်ခဲ့ပြီး အလုပ်ထဲတွင်သာ စိတ်ကို နှစ်မြှုပ်လုပ်ကိုင်ခဲ့သည်။

ဥပါယ်တံမျဉ်

ကိတ်သည် မိဘများအပေါ်တွင် ကျေးဇူးသိတတ်ပြီး လိမ္မာရေးခြားရှိသည့် မိန်ကလေးဖြစ်သည်။ သူမ၏ ဘဝတွင် အကျွမ်းဝင်သောအမျိုးသားမိတ်ဆွေ များများစားစား မရှိပေ။ သူမ၏ အမျိုးသားမိတ်ဆွေများမှာ လုပ်ငန်းခွင်အတွင်း၌ အတူတူလက်တွဲလုပ်ကိုင်ရသော သာမန်မိတ်ဆွေများသာဖြစ်သည်။ သူ့အတွက် ဘဝလက်တွဲဖော်ဆိုသူကို မတွေ့ဆုံခဲ့ဖူးသေးချေ။ ကြင်ဖော်ကို တွေ့ဆုံခဲ့သည့်နေ့သည် သူ့ဘဝကို ပျက်သုဉ်းစေမည့် နေ့ဆိုသည်ကို ကိတ်အနေဖြင့် မသိရှာခဲ့ပေ။ သူစွဲစွဲလမ်းလမ်း ချစ်မိသဖြင့် ပထမဆုံးအကြိမ် ချိန်းဆိုခဲ့မိသူသည် သူ၏ အသက်ကို ရန်ရှာမည့်သူမှန်း နောက်ဆုံးအချိန်ရောက်မှ သိခဲ့ရသည်။ ကိတ်အဖို့ အရာရာသည် နှောင်းခဲ့လေပြီ။

ကိတ်သည်အလုပ်ထဲတွင်ကြာရှည်စွာ နှစ်မြှုပ်လုပ်ကိုင်ရဖန်များသောအခါ စိတ်ပင်ပန်း နွမ်းနယ်လာသည်။ ထို့ကြောင့် သူတစ်ခါမျှ သွားလေ့သွားထမရှိသော ညကလပ်သို့ စိတ်အပန်းဖြေရန် ရောက်ခဲ့တော့သည်။ အမျိုးသားများနှင့် ပတ်သက်ပြီး ရင်ခုန်လှုပ်ရှားခြင်းမရှိခဲ့သော ကိတ်သည် ညကလပ်တွင် သူ၏ နှလုံးသားကို ညို့ယူဖမ်းစားနိုင်သည့် အမျိုးသားတစ်ဦးကို တွေ့ခဲ့ရသည်။

အမျိုးသားသည် လူမည်းတစ်ဦးဖြစ်နေသည်ကိုပင် သတိမရနိုင်တော့။ ထိုညတွင် သူ၏စိတ်အလိုကို လိုက်ကာ သူနှင့်ထိုအမျိုးသားတို့ နှစ်ဦးတွဲကခဲ့ကြသည်။ ထို့အပြင် ယခုမှပထမဆုံးဆုံတွေ့ခဲ့ရသည့် အမျိုးသားက ချိန်းဆိုခဲ့သည်ကို ခေါင်းညိတ်ခဲ့မိသည်မှာလည်း မျက်စိမရှိသော အချစ်၏

စေခိုင်းမှုကြောင့်ဟုပင် ဆိုရပေမည်။ သူ့ကို ရင်ခုန်စေနိုင်သူမှာ ကားလ်တေလာဆိုသူပင် ဖြစ်သည်။

ကိတ်သည် ထိုအမျိုးသားနှင့်ပထမဆုံးတွေ့ပြီး ပထမအကြိမ် ချိန်းဆိုသောနေ့မှာ ၂၀၀၇ခုနှစ် မေ၃၀ရက်ပင်ဖြစ်သည်။ ထိုညသည် သူ၏ နောက်ဆုံးညဖြစ်သည်ကို ကိတ်တစ်ယောက်မသိရှာခဲ့ပေ။ သူနှစ်သက်သော အမျိုးသားနှင့် တွေ့ဆုံရမည်ဖြစ်သဖြင့် အလှဆုံးပြင်ဆင်ဝတ်စားကာ သူတို့နှစ်ဦး ချိန်းဆိုထားရာ ရစ်ချ်မွန်အရပ်ရှိ ဘီယာဆိုင် တစ်ဆိုင်တွင် ဘီယာသောက်ခဲ့ကြသည်။ ထို့နောက် စားသောက်ပြီး လမ်းလျှောက် ထွက်လာရာ ရစ်ချ်မွန်အရပ်ကို ကျော်လွန်ပြီး သိမ်းမြစ်ကမ်းဘေးအတိုင်း လမ်းလျှောက်ခဲ့ကြသည်။ လူရှင်းသည့် နေရာသို့အရောက်တွင် သိမ်းမြစ်ကမ်းဘေးရှိ ခုံတန်းရှည်ကလေးတွင် နှစ်ယောက်သား ထိုင်ခဲ့ကြသည်။ သူတို့ လမ်းလျှောက်မထွက်မီ ရပ်ထားခဲ့သော ကိတ်၏ ကားဆီသို့ ပြန်ရောက်သော အခါ ကားသော့ကို ကိုင်ထားသည့် အကြံသမား တေလာသည် သူတို့ထိုင်ရာ ခုံတန်းရှည်နားတွင် သော့ကျကျန်ခဲ့သလား မသိဟုလိမ်လည်ကာ ခုံတန်းရှည်သို့ ပြန်သွားခဲ့သည်။ တေလာ၏ လက်တွင်းသို့ ကားသော့ရောက်ရခြင်းမှာ တေလာက ကိတ်၏ ကိုယ်စားကားကို ဥပါယ်တံမျဉ်ဖြင့် ယူမောင်းပေးခဲ့သောကြောင့်ဖြစ်သည်။ ခုံတန်းရှည်သို့ ရောက်သော်လည်း သော့မတွေ့သဖြင့် ကိတ်နှင့်တေလာတို့ အကြီးအကျယ် စကားများခဲ့ကြတော့သည်။

ပြန်လှန်ခုခံ

ကိတ်အပေါ်တွင် သံယောဇဉ်မရှိဘဲ ကိတ်ထံ အကြံဖြင့်ချဉ်းကပ်ခဲ့သော တေလာသည် သူ၏ အကျႌလက်ရှည်ထဲတွင် ဖွက်ယူလာသော မီးဖိုချောင်သုံးဓားနှင့်ကတ်ကြေးကိုထုတ်ယူကာ ကိတ်၏ လည်ချောင်း၊ လည်ပင်းနှင့်မျက်နှာတို့ အပါအဝင် ခန္ဓာကိုယ်အနှံ့ ယင်းလက်နက်များဖြင့်ထိုးသတ်ခဲ့တော့သည်။ ကိတ်၏ ပြန်လှန်ခုခံမှုကြောင့် သူ့တွင်လည်း ဒဏ်ရာနှစ်ချက်ခန့် ရခဲ့သည်။ ထို့နောက် ကိတ်၏အလောင်းကို ကားပေါ်သို့တင်ကာ လူသူမနီးသော နေရာသို့သွားရောက်ဖျောက်ဖျက်ခဲ့တော့သည်။

တေလာသည် ပြစ်မှုကျူးလွန်ပြီးနောက် ကိတ်၏ ကားနှင့်လက်ကိုင်ဖုန်းတို့ကိုရယူခဲ့သည်။ သူသည် လူသတ်မှုကျူးလွန်ပြီး တစ်ရက်မျှသာ နေပြီးနောက် ကိတ်ထံမှ သူမတရားသဖြင့် ရယူထားသော ကားသစ်ကို မိတ်ဆွေများအား ကြွားလုံးထုတ်ခဲ့ကာ ကိတ်၏ လက်ကိုင်ဖုန်းကို သူ၏ သူငယ်ချင်းတစ်ယောက်အား ရောင်းခဲ့သည်။

ကိတ်၏ဖခင် အလန်နှင့် မိသားစုအပူတပြင်း စုံစမ်းပြီးနောက် သမီးဖြစ်သူ ကိတ်ပျောက်ဆုံးနေကြောင်းရဲတပ်ဖွဲ့သို့ အကြောင်းကြား တိုင်တန်းခဲ့ရာမှ ရဲတပ်ဖွဲ့က မကြာမီက ပြစ်မှုကျူးလွန်ခဲ့သူ တေလာ၏နောက်သို့ ခြေရာခံလိုက်ခဲ့မိတော့သည်။

ပထမအကြိမ်ချိန်းတွေ့

ရဲတပ်ဖွဲ့၏ စုံစမ်းမှုကြောင့် ကိတ်နှင့် တေလာတို့ဘီယာသောက်ခဲ့ရာဆိုင်မှ ဖောက်သည်ဆူဆန်အီဗန်က ကိတ်နှင့်တေလာတို့အားသတိထားမိကြောင်း၊ ပြောကြားသကဲ့သို့ အခြားတစ်ဦးကလည်း လူဖြူအမျိုးသမီးနှင့် လူမည်းအမျိုးသားစုံတွဲဖြစ်၍ သတိထားမိကြောင်း၊ အမျိုးသမီးကိုကြည့်ပြီး ပထမအကြိမ် ချိန်းတွေ့ကြခြင်းဖြစ်သည်ကိုလည်း သတိထားမိကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် အခင်းဖြစ်သည့် ညသန်းခေါင်ကျော်အချိန်တွင် ကိတ်၏ ကားသည် ချစ်ဝစ်စ်တံတားအား ဖြတ်မောင်းသွားသည်ကိုတွေ့ရပြီး တေလာသည် ရှိဟာ့ဒ်ဘုချ်အရပ်ရှိ ဓာတ်ဆီဆိုင်တွင် ဒီဇယ် တစ်ပေါင်ဖိုးခန့် ဝယ်ယူသွားကြောင်း သိရှိရသည်။

ထိုက်သင့်သော ပြစ်ဒဏ်

တေလာသည် တရားရုံး၌ အစပိုင်းတွင် ကိတ်အားသူမသတ်ကြောင်း ငြင်းကွယ် ထွက်ဆိုခဲ့သော်လည်း အထက်ပါ သက်သေ အထောက်အထားများ၊ သူ့အိမ်ရှိ အိမ်သာထဲမှ ကိတ်၏ကားသော့ကို ရှာဖွေတွေ့ရှိခဲ့ရမှုများကြောင့် ကိတ်အား သူသတ်မိကြောင်း ဝန်ခံခဲ့ရတော့သည်။ ထို့နောက် တောင်အောက်ဟေးအရပ်ရှိ သစ်တောအတွင်း၌ ခရာဆူးချုံများထဲတွင် ကိတ်၏ အလောင်းကို သွားရောက်စွန့်ပစ်ခဲ့သည်။ ထိုသို့အလောင်းမစွန့်ပစ်မီ ကိတ်၏ အဝတ်အစားများ၊ လူသတ်မှုတွင် သုံးစွဲခဲ့သောလက်နက်များနှင့် ကိတ်၏ အဝတ်အစားများကို အလောင်းအား သွားပစ်ရာလမ်းတွင် လွှင့်ပစ်ခဲ့ကြောင်း ဝန်ခံခဲ့ရသည်။ ယင်းအမှုကို ယနေ့အထိ ဆက်လက်စစ်ဆေးဆဲဖြစ်သည်။ ကားလ်တေလာသည် ကိတ်အား သတ်ခဲ့မှုအတွက် ထိုက်သင့်သော ပြစ်ဒဏ်ကို ကျခံရန် စောင့်နေရပေပြီ။

ပထမဦးဆုံး တွေ့သောလူကို တွေ့တွေ့ချင်း ယုံစားမိသော အဖြစ်ကို ဆင်ခြင်သင့်ကြောင်း အချစ်အတွက် ပေးဆပ်ခဲ့ရသော ကိတ်ဘီအက်လေ၏ အဖြစ်ကို သင်ခန်းစာယူဖွယ် မှုခင်းဖြစ်ရပ်အဖြစ် ကိုးကားရေးဖွဲ့လိုက်ရပါကြောင်း။ ။

ပထမဦးဆုံးတွေ့သောလူကို တွေ့တွေ့ချင်း ယုံစားမိသော အဖြစ်ကို ဆင်ခြင်သင့်ကြောင်း အချစ်အတွက် ပေးဆပ်ခဲ့ရသော ကိတ်ဘီအက်လေ၏ အဖြစ်ကို သင်ခန်းစာယူဖွယ် . . .။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့် အိုဘားမား စကားစစ်ထိုးပွဲ၌ အပြန်အလှန် စွပ်စွဲပုတ်ခတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၉

လာမည့် ရက်သတ္တပတ်တွင် အရေးကြီးသည့် အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ် အကြိုရွေးကောက်ပွဲများ မတိုင်မီ ဒီမိုကရက်တစ်ပါတီမှ ပြိုင်ဘက်ဟီလာရီကလင်တန်နှင့် အိုဘားမားတို့သည် ရုပ်မြင်သံကြား၌ အချေအတင် စကားစစ်ထိုးပွဲ ပြုလုပ်လျက်ရှိရာ ငါးရက်အတွင်း ဒုတိယအကြိမ်ရှိပြီ ဖြစ်သည်။

အထက်လွှတ်တော်အမတ် အိုဘားမားသည် အကြိုရွေးကောက်ပွဲ ၁၁ ခု ဆက်တိုက်အနိုင်ရသူ ဖြစ်သည်။

ငြင်းခုန်

ဟီလာရီနှင့် အိုဘားမားတို့က ကျန်းမာရေးစောင့်ရှောက်မှုကိစ္စ၊ ကုန်သွယ်ရေးကိစ္စနှင့်တကွ အီရတ်စစ်ပွဲ အပါအဝင်ဖြစ်သည့် နိုင်ငံခြားရေး မူဝါဒများနှင့် ပတ်သက်၍ အချေအတင် သဘောထားအမြင်တို့ကို ငြင်းခုန်ကြသည်။

ဝေဖန်

ရုပ်မြင်သံကြား၌ အချေအတင် စကားစစ်ထိုးပွဲ အစပိုင်းတွင် နှစ်ဦးစလုံး တစ်ဖက်နှင့်တစ်ဖက် အေးအေးဆေးဆေး ငြင်းခုံကြသော်လည်း နောက်ပိုင်းတွင် အပြင်းအထန်ဝေဖန် ပုတ်ခတ်မှုများပြုလုပ်သည်အထိ အချေအတင် စွပ်စွဲလာကြသည်။

သူတို့၏ သဘောထားများနှင့် ပတ်သက်၍ မဟုတ်မမှန်ဝါဒဖြန့် အဓိပ္ပာယ် ဖော်ကြသည်ဟုလည်း တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲပြောကြားကြသည်။

ပြောကြား

ဟီလာရီကလင်တန်က အိုဘားမားအနေဖြင့် သူ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုတို့အပေါ် သဘောထားနှင့် ပတ်သက်၍ ပုံပျက်ပန်းပျက် အဓိပ္ပာယ်ဖော်နေခြင်းအတွက် မိမိများစွာ စိတ်ဆင်းရဲရကြောင်း ပြောကြားလိုက်သည်။

မတ်လ၄ရက်(အင်္ဂါနေ့)တွင် အကြိုရွေးကောက်ပွဲ ပြုလုပ်မည့် ပြည်နယ်များအနက် အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ်နှစ်ခုမှာ ပြည်နယ်ကြီးများဖြစ်၍ ဟီလာရီကလင်တန် အနေဖြင့် အနိုင်ရမှုဖြစ်မည့် အခြေအနေရှိသည်။

(အင်တာနက်)

ဟီလာရီကလင်တန်(ဝဲ)နှင့် အိုဘားမား။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ အားကစားပစ္စည်းပြပွဲတွင် အသစ်တီထွင်ထားသည့် စက်ဘီးများအား စမ်းသပ်မောင်းနှင်နေကြသည်ကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပေကျင်းလေဆိပ်၏ ကမ္ဘာ့အကြီးဆုံး ခရီးသည်နားနေဆောင် ဖွင့်လှစ်

ပေကျင်း ဖေဖော်ဝါရီ ၂၉

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်သို့ လာရောက်မည့် ခရီးသွားများအတွက် ရည်ရွယ်၍ တည်ဆောက်ထားသည့် ပေကျင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ကမ္ဘာ့အကြီးဆုံး ခရီးသည်နားနေဆောင်ကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ကျယ်ဝန်း

အဆိုပါ နားနေဆောင်မှာ စတုရန်းမီတာ ၉၈၆၀၀၀ ကျယ်ဝန်းပြီး ပေကျင်း လေဆိပ်၌ ယခင်ကဆောက်လုပ်ထားသည့် နားနေဆောင်နှစ်ခု အကျယ်အဝန်းထက် နှစ်ဆကျော် ကျယ်ဝန်းသည်။

တည်ဆောက်ခဲ့

ရှန်ဒေါင်းပြည်နယ်မှ မောင်းနှင်လာသည့် လေယာဉ် အက်စ်စီ-၁၁၅၁ မှ ခရီးသည်များမှာ အဆိုပါနားနေဆောင်သို့ ပထမဆုံးရောက်ရှိလာခဲ့သည်။ ယခု ဖွင့်လှစ်ခဲ့သည့် လေဆိပ်နားနေဆောင်ကို ၂၀၀၄ခုနှစ် မတ် ၂၈ရက်မှ စတင်ကာ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အဆင့်မြှင့်

ပေကျင်းမြို့တော်နှင့်အနီးအနားရှိ လေဆိပ်များအား ၂၀၀၈အိုလံပစ်ပွဲတော်အတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

(အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

လကမ္ဘာ၏ တောင်ဝင်ရိုးစွန်းဒေသ လူသားများ လေ့လာမည့်နေရာ ဖြစ်လာနိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၉

လကမ္ဘာ၏တောင်ဝင်ရိုးစွန်းဒေသသည် အနာဂတ်တွင်လူသားများသွားရောက်လေ့လာမည့်နေရာ သို့မဟုတ် စက်ရုပ်များဆင်းသက်ရာ နေရာဖြစ်လာဖွယ်ရှိကြောင်း၊ ယင်းဒေသသည် ယခင် သိပ္ပံပညာရှင်များ တွက်ချက်တင်ပြထားသည်ထက် မြင့်မားသော တောင်များနှင့် နက်ရှိုင်းသော ကျင်းနက်ကြီးများ ရှိနေကြောင်း နာဆာအဖွဲ့က ဖေဖော်ဝါရီ ၂၇ရက်တွင် ပြောကြားသည်။

ကောက်ယူနိုင်

အမေရိကန်အာကာသအေဂျင်စီသည် ကယ်လီဖိုးနီးယားပြည်နယ် မိုဂျာဗီ သဲကန္တာရရှိ မြေပြင်အခြေစိုက် ရေဒါစနစ်ကို အသုံးပြုလျက် လ၏တောင်ဝင်ရိုးစွန်း မျက်နှာပြင်မှ အချက်အလက်များကို ကောက်ယူနိုင်ခဲ့သည်။

လမျက်နှာပြင်ရှိ ချာကလီတန် မီးတောင်ထိပ်ဝသည် အနာဂတ်တွင် လကမ္ဘာသို့ သွားရောက်ကြမည့် မစ်ရှင်များဆင်းသက်ရာဒေသ ဖြစ်လာနိုင်ဖွယ်ရှိကြောင်း နာဆာက ပြောကြားသည်။

မြင့်မား

အဆိုပါ တောင်သည် မိုင်အားဖြင့် ၃ဒသမ၈မိုင်မြင့်မားရာ မြောက်အမေရိကတိုက်၏အမြင့်ဆုံးတောင်ဖြစ်သည့် မက်ကင်လေတောင်ထက် မြင့်မားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ဂါဇာကမ်းမြောင်၌ တိုက်ပွဲများဖြစ်ပွား အစ္စရေးဗုံးကြဲ၊ ဟားမတ်စ်တို့ ဒုံးကျည်ဖြင့်ပစ်ခတ်

ဂါဇာ ဖေဖော်ဝါရီ ၂၉

ဂါဇာကမ်းမြောင်ဒေသမှ ပစ်ခတ်လိုက်သော ဒုံးကျည်တစ်စင်း ဖေဖော်ဝါရီ ၂၇ရက်က အစ္စရေးနိုင်ငံအတွင်း ကျရောက်ခဲ့ရာ လူတစ်ဦးသေဆုံးသွားသည်။ ယင်းသေဆုံးမှုသည် ကိုးလအတွင်း ပထမဆုံးအကြိမ် အစ္စရေးတို့ဘက်မှ သေဆုံးခဲ့ခြင်း ဖြစ်သည်။

ဗုံးကြဲတိုက်ခိုက်

အစ္စရေးတပ်များက လေကြောင်းမှ ဂါဇာကမ်းမြောင်ဒေသကို ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း စစ်သွေးကြွခေါင်းဆောင်ဦးနှင့် အရပ်သားငါးဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။

လက်တုံ့ပြန်

အစ္စရေးတို့က လေကြောင်းမှ တိုက်ခိုက်ခြင်းကို လက်တုံ့ပြန်သည့် အနေဖြင့် ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ဟားမတ်စ်တို့၏ ပြည်ထဲရေး ဝန်ကြီးဌာန အဆောက်အအုံကို အစ္စရေး လေတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အနီးအနားရှိ အဆောက်အအုံများ ပျက်စီးသွားပြီး ခြောက်လသားအရွယ် ကလေးငယ်တစ်ဦး သေဆုံးသွားသည်။ ထို့အပြင် အနည်းဆုံး ၁၄ဦးလည်း ဒဏ်ရာရရှိသွားကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

အကြမ်းဖက်

ထိုသို့အကြမ်းဖက်မှုများ အရှိန်မြင့်တက်လာမှုကြောင့် အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် ပို၍ရှုပ်ထွေးလာနိုင်ကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းက သုံးသပ်ထားသည်။

ထုတ်ပြန်ကြေညာ

ဟားမတ်စ် အကြမ်းဖက်သမားများသည် အစ္စရေးပြည်သူများအား ဒုက္ခပေးနေရုံသာမကဘဲ ဒေသတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကိုလည်း ခြိမ်းခြောက်နေကြောင်း အစ္စရေး နိုင်ငံခြားရေးရုံး၌ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ပြောကြား

ဖေဖော်ဝါရီ ၂၇ရက်အစောပိုင်းတွင် ဂါဇာ တောင်ပိုင်းရှိ ယင်းမြို့အနီး၌ အစ္စရေးတို့က ဗုံးကြဲတိုက်ခိုက်၍ ဗင်ကားတစ်စီးဖြင့် ခရီးထွက်လာသော ဟားမတ်စ် ထိပ်တန်း အဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ခေါ်ဆောင်သွား

အစ္စရေး အထူးတပ်များသည် ဖေဖော်ဝါရီ ၂၇ရက်က အနောက်ဘက်ကမ်းရှိ မြို့အချို့ကို ဝင်ရောက်စီးနင်း တိုက်ခိုက်ပြီး ပါလက်စတိုင်းလူမျိုး ၁၇ဦးတို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု ဆိုသည်။

(အင်တာနက်)

ပြင်သစ်နိုင်ငံ အရှေ့တောင်ပိုင်း လိုင်ယွန်မြို့တွင် ဖေဖော်ဝါရီ ၂၈ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် အဆောက်အအုံ တစ်ခု မီးလောင်မှု ဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်း သတ်နေကြသည်ကို ဤသို့တွေ့ရသည်။

(သတင်းဖော်ပြပြီး)

(အင်တာနက်ဓာတ်ပုံ)



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၉-၂-၂၀၀၈

ဒုံးကျည် ၁၁စင်း ရုရှား စမ်းသပ်ပစ်လွှတ်မည်

ရုရှားနိုင်ငံသည် ၂၀၀၈ခုနှစ်အတွင်း ဒုံးကျည် ၁၁စင်းကို စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ထိုသို့ စမ်းသပ်ပစ်လွှတ်မည့် ဒုံးကျည်များမှာ အာအက်စ်-၁၂အမ်၊ အာအက်စ်-၁၈နှင့် အာအက်စ်-၂၀ အမျိုးအစား ဒုံးကျည်များဖြစ်ပြီး အာအက်စ်-၂၄ ဒုံးကျည်ကိုလည်း စမ်းသပ်ပစ်လွှတ်မည်ဟု ၎င်းတို့က ပြောကြားသည်။

ကမ္ဘာတစ်ဝန်း ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုများလာ

ကမ္ဘာတစ်ဝန်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)က ပြောကြားသည်။

အာရှတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် စုစုပေါင်း ကြက်ကောင်ရေ ၃ဒသမ၈သန်းကို သုတ်သင်ရှင်းလင်းခဲ့ရပြီး နေရာဒေသအများအပြား၌ ကြက်ငှက်တုပ်ကွေး ကူးစက်ပြန့်ပွားနေသဖြင့် အမြန်ဆုံး ထိန်းချုပ်ကြရန် (အက်ဖ်အေအို)က သတိပေးထားသည်။

မလေးရှားတောင်ပိုင်း၌ ဗုံးရှာဖွေတွေ့ရှိ

မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟာပြည်နယ်တွင် ဗုံး ၁၂၃လုံးကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း မလေးရှားရဲအရာရှိများက ပြောကြားသည်။

အဆိုပါဗုံးများကို ဂျိုဟာပြည်နယ် တမ်ပိုရီမြို့အနီး၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကလပ်စတာဗုံးများအပါအဝင် ဗုံးအမျိုးအစားသုံးမျိုး ပါဝင်ကြောင်း ၎င်းတို့က ပြောကြားသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆော်ဒီနှင့် ဂျော်ဒန်ဘုရင်တို့ ဆွေးနွေးမည်

အရှေ့အလယ်ပိုင်းကိစ္စရပ်များနှင့် ပတ်သက်၍ ဆော်ဒီအာရေဗျဘုရင် အဗ္ဗဒူလ်အဇစ်နှင့် ဂျော်ဒန်ဘုရင်တို့ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဂျော်ဒန်အရာရှိများက ပြောကြားသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးရရှိရန်အတွက် အာရပ်နိုင်ငံများ ပေါင်းစည်းရန် လိုအပ်သဖြင့် ဆော်ဒီနှင့် ဂျော်ဒန်ဘုရင်တို့ မကြာမီတွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အာဖဂန်တပ်ဖွဲ့နှင့် တာလီဘန်တို့ တိုက်ပွဲဖြစ်ပွား

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် အာဖဂန်နစ္စတန်တပ်ဖွဲ့နှင့် တာလီဘန်လက်နက်ကိုင်များ တိုက်ပွဲဖြစ်ပွားခဲ့ရာ တာလီဘန် ၂၄ ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန် စစ်ဘက်အရာရှိများက ပြောကြားသည်။

ယခုတိုက်ပွဲဖြစ်ပွားမှုမှာ ဟဲလ်မန့်ပြည်နယ် မာဂျာခရိုင်အတွင်းဖြစ်ပြီး ကင်းလှည့်နေသော အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရာမှ တာလီဘန်တို့နှင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘီအမ်ဒဗလျူ မော်တော်ကားကုမ္ပဏီ အလုပ်သမားဦးရေ လျှော့ချမည်

ဂျာမနီနိုင်ငံမှ ဘီအမ်ဒဗလျူ မော်တော်ကားကုမ္ပဏီသည် အလုပ်သမားအရေအတွက် လျှော့ချမည်ဖြစ်ကြောင်း ဘီအမ်ဒဗလျူမော်တော်ကားကုမ္ပဏီမှ အရာရှိများက ပြောကြားသည်။

အဆိုပါ အလုပ်သမားဦးရေ လျှော့ချခြင်းမှာ ကမ္ဘာ့ဈေးကွက်၌ ဘီအမ်ဒဗလျူ မော်တော်ကားများ ရောင်းအားကျဆင်းနေခြင်းကြောင့်ဖြစ်ရာ ယခုနှစ်ကုန်၌ အလုပ်သမား စုစုပေါင်း ၅၆၀၀ လျှော့ချမည်ဖြစ်သည်။

နိုင်ငံတကာ သင်္ဘောတည်ဆောက်ရေးပြပွဲ ဗီယက်နမ် လက်ခံကျင်းပမည်

ဗီယက်နမ်နိုင်ငံတွင် မကြာမီရက်ပိုင်းအတွင်း နိုင်ငံတကာသင်္ဘောတည်ဆောက်ရေးလုပ်ငန်းများပြပွဲကို လက်ခံကျင်းပသွားမည် ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါပြပွဲကို ဟန္နိုင်းမြို့၌ မတ် ၁၁ ရက်မှ ၁၄ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဒိန်းမတ်၊ နော်ဝေ၊ ပြင်သစ်နှင့် နယ်သာလန်စသည့် ကမ္ဘာ့နိုင်ငံများက သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများက လာရောက်ပြသကြမည် ဖြစ်သည်။

လိချ်တင်စတိန်းနိုင်ငံ

သတင်းအက်ဆေး

လိချ်တင်စတိန်းနိုင်ငံသည် ဥရောပတိုက်အလယ်ပိုင်း၌ တည်ရှိသည်။ ဆွစ်ဇာလန်နိုင်ငံနှင့် ဩစတြီးယားနိုင်ငံတို့အကြား စတုရန်းကီလိုမီတာ ၁၆၀ ကျယ်ဝန်းသည့် ကုန်းတွင်းပိတ် နိုင်ငံငယ်လေးဖြစ်သည်။ တောင်တန်းတောင်စောင်းများက ရိုင်းမြစ်ဝှမ်းဒေသအပေါ် စီးမိုးထားသည်။

ဝင်ငွေများစွာရရှိ

လိချ်တင်စတိန်းနိုင်ငံမှာ ဝင်ငွေခွန်သက်သာမှုကြောင့် အခြားနိုင်ငံများမှ အခွန်ထမ်း၊ လုပ်ငန်းရှင်များ ဝင်ရောက်ခိုလှုံသည့်အလျောက် ဝင်ငွေများစွာရရှိ အကျိုးခံစားနေရသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

လွတ်လပ်

၁၇၁၉ခုနှစ်တွင် လိချ်တင်စတိန်းဟူသော လက်ရှိအမည်ကိုယူလိုက်ပြီး ဟိုးလီးရိုမန်အင်ပါယာ၏မင်းသား အုပ်ချုပ်သည့် လွတ်လပ်သော နိုင်ငံဖြစ်လာသည်။ ၁၈၁၅ခုနှစ်တွင် လိချ်တင်စတိန်းသည် ဂျာမန်ကွန်ဖက်ဒရေးရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ ၁၈၆၆ခုနှစ်တွင် လုံးဝလွတ်လပ်သောနိုင်ငံ ဖြစ်လာသည်။

အတည်ပြုပေး

၁၉၃၈ခုနှစ်တွင် မင်းသားကြီး ဒုတိယမြောက် ဖရန့်ဂျိုးဇက် နန်းတက်သည်။ ၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ လိချ်တင်စတိန်းနိုင်ငံသည် ကြားနေနိုင်ငံအဖြစ် ရပ်တည်သည်။ ၁၉၈၄ခုနှစ်တွင် မင်းသားကြီး ဒုတိယမြောက် ဖရန့်ဂျိုးဇက်က သားတော် ဒုတိယမြောက် ဟန့်စ်အဒမ်ထံ အုပ်ချုပ်ရေးအာဏာလွှဲပေးသည်။ အမျိုးသမီးများ မဲပေးခွင့်ကို ဆန္ဒခံယူပွဲက အတည်ပြုပေးသည်။

ကုလသို့ဝင်ရောက်

၁၉၈၉ခုနှစ်တွင် ဒုတိယမြောက် ဖရန့်ဂျိုးဇက်ကွယ်လွန်သွားသဖြင့် မင်းသားကြီး ဒုတိယမြောက် ဟန့်စ်အဒမ်က ဆက်ခံသည်။ ၁၉၉၀ပြည့်နှစ်တွင် ကုလသမဂ္ဂသို့ဝင်သည်။ ၁၉၉၁ခုနှစ်တွင် ဥရောပလွတ်လပ်သော ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်သည်။

အနိုင်ရ

၁၉၉၃ခုနှစ်တွင် မာရီယိုဖရစ် ဝန်ကြီးချုပ်ဖြစ်လာသည်။ အသက် ၂၈ နှစ်သာရှိသေးသည်။ ဥရောပတိုက်တွင် အသက်အငယ်ဆုံး ဝန်ကြီးချုပ်ဖြစ်သည်။ ၂၀၀၁ခုနှစ် ဖေဖော်ဝါရီတွင် ဟက်စလာ၏ တိုးတက်သောနိုင်ငံသားများပါတီ(ပီစီပီ)က ရွေးကောက်ပွဲအနိုင်ရကာ ဟက်စလာသည် ထိုနှစ်ဧပြီလတွင် ဝန်ကြီးချုပ် ဖြစ်လာသည်။

ပေးအပ်

၂၀၀၃ ခုနှစ် မတ်လတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပြီးနောက် မင်းသားကြီး ဟန့်စ်အဒမ်ကို ပြည်သူတို့က နိုင်ငံရေးအာဏာများ ထပ်မံတိုးချဲ့ပေးအပ်လိုက်သည်။ ၂၀၀၄ခုနှစ် ဩဂုတ်လတွင် မင်းသားကြီး ဟန့်စ်အဒမ်က နိုင်ငံတော်အကြီးအကဲရာထူးကို ယူထားသော်လည်း နေ့စဉ်လုပ်ငန်းတာဝန်များ၊ အုပ်ချုပ်ရေးကိစ္စများကို သားတော် မင်းသား အလွိုက်စ်အား ပေးအပ်သည်။

နှစ်၂၀၀ပြည့်

ဟိုးလီးရိုမန်အင်ပါယာ ပြိုကွဲပြီးကတည်းက လွတ်လပ်ပြီး အချုပ်အခြာအာဏာရရှိလာသည့် နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်ကို လိချ်တင်စတိန်းနိုင်ငံက ၂၀၀၆ခုနှစ် ဇူလိုင်လတွင် ကျင်းပသည်။

ဝန်ကြီးချုပ်ရာထူး

တိုးတက်သော နိုင်ငံသားများပါတီ(ပီစီပီ)နှင့် မျိုးချစ်များသမဂ္ဂ(ပီယူ)တို့က ၂၀၀၅ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းသည်။ ဝန်ကြီးချုပ်ရာထူးကို ဟက်စလာကိုပင် ဆက်လက်ပေးအပ်သည်။ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးငါးဦးပါဝင်ပြီး သုံးဦးမှာ ပီစီပီပါတီမှဖြစ်ပြီး နှစ်ဦးမှာ ပီယူပါတီမှ ဖြစ်သည်။

စည်းမျဉ်းစည်းကမ်း

လူဦးရေ ၃၄၆၀၀ ရှိသည့် လိချ်တင်စတိန်းနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲမှာ မင်းသားကြီး ဟန့်စ်အဒမ်ဖြစ်သည်။ ဘဏ်လုပ်ငန်းကို ကျွမ်းကျင်သူဖြစ်သည်။ သို့သော် ၂၀၀၀ပြည့်နှစ်တွင် လိချ်တင်စတိန်းနိုင်ငံမှာ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လျော့ရဲလွန်းသည်ဟု နိုင်ငံတကာ အစီရင်ခံစာနှစ်ခုတွင် ဖော်ပြဝေဖန်ခံခဲ့ရသည်။ လိချ်တင်စတိန်းနိုင်ငံသည် ဥပဒေစည်းမျဉ်း၊ စည်းကမ်းများကို ပြုပြင်ခဲ့သည်။ သို့တိုင်အောင်ပင် ၂၀၀၇ခုနှစ်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ)၏ နာမည်ပျက်စာရင်းတွင် ပါဝင်နေသည်။

ကြီးမားထိရောက်

နိုင်ငံတော်အကြီးအကဲ မင်းသားကြီး ဟန့်စ်အဒမ်နှင့် မိသားစုတို့ ၂၀၀၃ခုနှစ်က ရရှိလိုက်သော အာဏာမှာ ကြီးမားထိရောက်မှုရှိသည်။ ပါလီမန်ဆုံးဖြတ်ချက်များကို ဗီတိုအာဏာသုံး၍ ပယ်ချနိုင်သည်။ အစိုးရကို ဖြုတ်ချခွင့်ရှိသည်။ တရားသူကြီးများကို ခန့်ထားခွင့်ရှိသည်။

ခိုလှုံလျက်ရှိ

မင်းသားကြီး ဟန့်စ်အဒမ်အုပ်ချုပ်သည့် လိချ်တင်စတိန်းနိုင်ငံမှာလည်း ဝင်ငွေခွန် သက်သာမှုကြောင့် အခြားနိုင်ငံများမှ အခွန်ထမ်း လုပ်ငန်းရှင်များ ဝင်ရောက် ခိုလှုံလျက်ရှိသည့်အတွက်ကြောင့် ရပေါက်ရလမ်းဖြောင့်ကာ ပန်းပန်လျက်ရှိသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ❐ အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ် ဆူရက်မြို့အနီး၌ ဖေဖော်ဝါရီ၂၈ရက်က မီးရထားတစ်စင်း လမ်းချော်မှုခဲ့ရာ ၁၆ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။
- ◆ **ဟောင်ကောင်၌ ဖေဖော်ဝါရီ ၂၈ ရက်က မော်တော်ယာဉ်ရှစ်စီးတိုက်မှုဖြစ်ပွားရာ ၃၀ ဒဏ်ရာရရှိပြီး မော်တော်ယာဉ်များပျက်စီးခဲ့သည်။**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘူရီဂန်ဂါမြစ်အတွင်း ဖေဖော်ဝါရီ ၂၈ ရက်က ခရီးသည်တင် သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ ခရီးသည် ၁၅၀ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ၃၉ ဦး သေဆုံးခဲ့သည်။

- ◆ **တရုတ်နိုင်ငံ ရှန်စီပြည်နယ် အနောက်မြောက်ပိုင်း ကျိုကျုံမြို့၌ ဖေဖော်ဝါရီ ၂၈ ရက်က မြေပြိုမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့သည်။**
- ❐ ချီလီနိုင်ငံ ဆန်တီရာဂိုမြို့အနီး ဖေဖော်ဝါရီ ၂၈ ရက်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ၁၁ ဦး သေဆုံးခဲ့သည်။
- ◆ **တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဖေဖော်ဝါရီ ၂၈ ရက်က အပူချိန် ၁၀၆ ဒသမ ၇ ဒီဂရီ ဖာရင်ဟိုက်အထိရှိခဲ့ရာ ၃၇နှစ်အတွင်း အမြင့်ဆုံးအပူချိန်ဖြစ်သည်။**
- ❐ ပီရူးနိုင်ငံ လီမာမြို့ကမ်းလွန်၌ ဖေဖော်ဝါရီ ၂၈ ရက်က တစ်နာရီမိုင်၁၀၀ နှုန်း တိုက်ခတ်သောမုန်တိုင်းကြောင့် ပင်လယ်ပြင်၌ အမြင့်ပေ ၃၀ ခန့် မြင့်သော လှိုင်းလုံးကြီးများ ဖြစ်ပေါ်ခဲ့သည်။
- ◆ **အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ပြင်၌ ဖေဖော်ဝါရီ ၂၈ ရက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် သုံးဦးသေဆုံးခဲ့သည်။**

ဘဝဒဿန အမြင်

■ ***Beauty and brain not go together.***
အလှနှင့် အသိဉာဏ် အတူယှဉ်တွဲ တွေ့ရခဲသည်။

အရစ္စတိုတယ်လ် (ဂရိအတွေးအခေါ်ပညာရှင်)

■ ***All the world is a stage and we are players.***
ကမ္ဘာကြီးတစ်ခုလုံးသည် ဇာတ်ခုံဖြစ်ပြီး ကျွန်ုပ်တို့သည် ဘဝဇာတ်ခုံတွင် ပါဝင်သရုပ်ဆောင်နေသူများ ဖြစ်ကြသည်။

စစ်စီရို (အီတလီ စာရေးဆရာ)

မြန်မာတို့၏ ပြည်ထောင်စုကြီး ထာဝရတည်တံ့တိုးတက်စေမည့် အခြေခံဥပဒေသစ်

ဦးမျိုး

လွတ်လပ်သောနိုင်ငံမှ နိုင်ငံသားပြည်သူများ အားလုံးသည် မိမိတို့ဘဝ၊ မိမိတို့မိသားစု၊ မိမိတို့ဆွေမျိုးမိတ်သင်္ဂဟ၊ မိမိတို့နိုင်ငံသားပြည်သူများအတွက် မိမိတို့ကောင်းကျိုးချမ်းသာကို လွတ်လွတ်လပ်လပ် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရှိသည်။ မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်၊ မိမိတို့နိုင်ငံ၊ မိမိတို့ပြည်သူများ၊ မိမိတို့ကိုယ်တိုင် စိတ်ကြိုက် ရွေးချယ်သောပုံစံဖြင့် အရာရာလွတ်လပ်စွာ ပြဋ္ဌာန်းဆောင်ရွက်ခွင့်ရှိသည်။ ဤသို့ နိုင်ငံသားအများစု၏ ဆန္ဒနှင့်အညီ မိမိတို့ကံကြမ္မာ မိမိတို့ဖန်တီးခွင့်ကို ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးက အာမခံထားပြီးဖြစ်သည်။ နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့် ယဉ်ကျေးသော လူ့အသိတရားကျင့်ဝတ်သီလများကလည်း Self determination (ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်)ကို အသိအမှတ်ပြုထားကြပြီး ဖြစ်သည်။

မြန်မာတို့သည် ယနေ့ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး"ကို နိုင်ငံတော်၏ပန်းတိုင်၊ ပြည်သူတို့၏သန္နိဋ္ဌာန်၊ သမိုင်းပေးတာဝန်အဖြစ် ခံယူ အကောင်အထည်ဖော်လျက်ရှိသည်။ ဤမြန်မာ့ရည်မှန်းချက် ပန်းတိုင်တွင် ဒေါသမကင်းသောအချက်ဟူ၍ မြူတစ်မှုန်စာမျှပင် မပါဝင်ပေ။ ကိုလိုနီထမ်းပိုးအောက်၊ တိုင်းတစ်ပါးသားနယ်ချဲ့သမားအောက် နှစ်ပေါင်းတစ်ရာကျော် ကျရောက်စဉ်ကလည်း အစစအရာရာ အောက်ကျနောက်ကျဘဝဖြင့် ဖွတ်ကျောပြာစု ခရဆန်ကျွတ် ဖြစ်ခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းလေးဆယ်ကျော် အချင်းချင်းတိုက်ခိုက်သတ်ဖြတ်ကြသော ပြည်တွင်းရောင်စုံ သောင်းကျန်းမှုဒဏ်ကိုလည်း ခါးစည်းခံရပြီး ငြိမ်းအေးချမ်းသာ မနေခဲ့ရပေ။ ၁၉၈၉ခုနှစ်ဝန်းကျင်မှစ၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်လာခဲ့ပြီး ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းတည်ငြိမ်လာခဲ့ရသည်။ မကောင်းပေဘူးလား ခင်ဗျာ။

ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင်မှာ ရေ၊ မြေ၊ သယံဇာတကောင်းတွေကုံလုံ ကြွယ်ဝတဲ့ မြန်မာနိုင်ငံကို ခေတ်မီပညာတတ်၊ စွမ်းရည်မြင့်လူသားအရင်းအမြစ်များနဲ့ ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်တဲ့ဆည်မြောင်းတာတမံတွေ၊ စာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းတွေ၊ လမ်းသစ်တွေ၊ တံတားသစ်တွေ၊ စက်မှုဇုန်တွေ၊ ဆေးခန်း၊ ဆေးရုံကြီးတွေ၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးတွေ တည်ဆောက်အောင်မြင်နေတာရော ဘာမကောင်းလို့လဲခင်ဗျာ။

ဒီမိုကရေစီဆိုတဲ့ စကားလုံးရဲ့အနက်အဓိပ္ပာယ် အစစ်အမှန်ကလဲ လူထုအကျိုးအတွက် လူထုကိုယ်တိုင်(သို့မဟုတ်) လူထုကိုယ်စားလှယ်များက လွတ်လပ်စွာ အများဆန္ဒသဘောထားနဲ့အညီ ဆုံးဖြတ်လုပ်ဆောင်ခြင်းသာ ဖြစ်ပါသည်။ ပြည်တွင်းမှာလက်နက်ကိုင်သောင်းကျန်းပြီး အချင်းချင်း သတ်ဖြတ်ရင်း ဒီမိုကရေစီစကားပြောနေကြသမျှသည် ဒီမိုကရေစီ အစစ်မဟုတ်ပါ။ အာဏာကရေစီ၊ အာဏာရရေး ငါသာ အာဏာနဲ့အထိုက်တန်ဆုံးဆိုပြီး ဘဝင်ပင့်ထားသော ငါမိုကရေစီ(ငါတကောဝါဒ) သာဖြစ်ပါသည်။ ပြည်ပက ဒီမိုကရေစီသကြားအုပ်ထားပြီး အထဲမှာ ကျွန်ဖြစ်ရေးအဆိပ်လုံးထည့်ထားသော ပို့ကုန်ကိုလိုနီဒီမိုကရေစီ ဆိုသည်မှာလည်း ရာနှုန်းပြည့် ဒီမိုကရေစီအတုပါခင်ဗျာ။

ဒီမိုကရေစီ စကားလုံးသုံးပြီး ကိုယ်အာဏာမရမချင်း ဆူပူမှု၊ သောင်းကျန်းမှု ဖန်တီးအကွက်ဆင်ထားသော ထောင်ချောက်ဒီမိုကရေစီမျိုးသည်လည်း ဒီမိုကရေစီအတု၊ စည်းမဲ့ကမ်းမဲ့၊ မင်းမဲ့စရိုက် သရဖူဆောင်းထားသည့် အာဏာကရေစီပါပဲ။ နိုင်ငံတစ်ခုတိုးတက်လိုလျှင်၊ ကြီးပွားချမ်းသာလိုလျှင်၊ အေးချမ်းတည်ငြိမ်စေလိုလျှင် ညီညွတ်ကြရမည်၊ အလုပ်လုပ်ကြရမည်၊ စည်းကမ်းရှိရမည်ဟူ၍ ကမ္ဘာ့ခေါင်းဆောင်များ၊ ပညာရှင်များ၊ ကလောင်ရှင်များပြောဆိုကြ၊ ရေးနေကြဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖော်ဆောင် အကောင်အထည်ဖော်နေခြင်းကို အဘယ်ကြောင့် မုဒိတာမပွားနိုင်ဘဲ ဆီလိုအပေါက်ရှာပြီး ပြစ်တင်ပုတ်ခတ်နေကြပါသနည်း။

ရှင်းပါသည်။ ပြည်ပသို့ထွက်ပြေး၊ နယ်ချဲ့နိုင်ငံကြီးများနှင့် အဆွယ်အပွားနိုင်ငံများတွင် ကပ်ရပ်ခိုလှုံနေထိုင်ကာ နေ့စဉ်ထမင်းဖိုးလက်ဖြန့်ခံတောင်းနေရသော ပြည်ပြေးများ၊ အမျိုးသားသစ္စာဖောက်များ၏ ဆန့်ကျင်ပုတ်ခတ်သံများကို BBC, VOA, RFA စသည့် နယ်ချဲ့အသံလွှင့်ဌာနများက နေ့ညမပြတ်ထုတ်လွှင့်ပေးနေခြင်းကပင် နယ်ချဲ့နှင့်ပြည်ပြေး ပုလင်းတူ ဘူးဆို့ဖြစ်ကြောင်း ထင်ရှားစေပါသည်။

မြန်မာကလောင်ရှင်များက ကိုလိုနီပုံစံဟောင်း (သူတစ်ပါးနိုင်ငံကို အင်အားသုံးကျူးကျော်တိုက်ခိုက်သိမ်းပိုက်ပြီး နှစ်ပေါင်းရာချီဖိနှိပ်စိုးမိုးကာ ယင်းနိုင်ငံမှ သယံဇာတနေဥစ္စာများကို သွေးစုပ်ဝါးမြိုယူသော နယ်ချဲ့လက်ဟောင်းပုံစံ)နှင့် ကိုလိုနီပုံစံသစ် (ကုလသမဂ္ဂက ကိုလိုနီပုံစံဟောင်းကို တရားဝင်ဖျက်သိမ်းခဲ့သဖြင့် ရှေးကကဲ့သို့ ကျူးကျော် တိုက်သိမ်း၊ ရေရှည်စိုးမိုး၊ သွေးစုပ်ခြင်းမပြုသာ တော့ဘဲ ယင်းနိုင်ငံတွင် မိမိတို့ဩဇာခံ ရုပ်သေးအစိုးရတင်ပေးလျက် နောက်ကွယ်မှအဝေးထိန်းခလုတ် Remote Control ဖြင့် ခြယ်လှယ်သွေးစုပ်နည်း)သုံးလာပုံကို အကြိမ်ကြိမ် ရေးသားတင်ပြခဲ့ပါပြီ။ ယခုအခါ နယ်ချဲ့ထိပ်သီးနိုင်ငံကြီးတစ်ခုက နိုင်ငံအချို့ကို အကြောင်းပြချက်ရှာပြီး ကျူးကျော် တိုက်သိမ်း၊ ငါးနှစ်ကြာလည်း ပြန်မထွက်၊ ခြောက်နှစ်ကြာလည်း ပြန်မထွက်ဘဲ ကိုလိုနီပုံစံသစ်နှင့် ပုံစံဟောင်းရောစွက်အသုံးပြုနေပုံကို နိုင်ငံတကာသတင်းများ၌ မြင်တွေ့နေရပါသည်။

နိုင်ငံတိုင်း မိမိတို့နိုင်ငံ ချမ်းသာကြွယ်ဝလိုကြသည်။ မိမိတို့နိုင်ငံသားများ ချမ်းချမ်းသာသာ နေစေလိုကြသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရန် အားထုတ်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့ လုံ့လဝီရိယ စုစည်းညီညွတ်မှုတို့ဖြင့် ရိုးသားစွာ လုပ်ဆောင်အပ်ပေသည်။ သူတစ်ပါးနိုင်ငံကို ကျူးကျော်တိုက်ခိုက်ပြီး ယင်းနိုင်ငံမှ အဆီအနှစ်မှန်သမျှ စားပြတိုက်၊ လုယက်သွေးစုပ်သောနည်းမျိုးသည် လူ့ယဉ်ကျေးမှုနှင့် လားလားမျှ မအပ်စပ်ပေ။ ထို့ကြောင့် မြန်မာအပါအဝင် ဖွံ့ဖြိုးဆဲ (နယ်ချဲ့ထမ်းပိုးအောက်မှ လွတ်မြောက်လာသော) နိုင်ငံများသည် မိမိတို့ ပြည်တွင်းအားဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ချမှတ်ကာ ရိုးရိုးသားသားဖော်ဆောင် အကောင်အထည်ဖော်နေကြသည်။

မြန်မာတို့သည် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေကြသည်။ ပိတ်ဆို့နှောင့်ယှက်မှုမျိုးစုံကြားမှ တကယ်စည်းလုံးညီညွတ်သော ပြည်တွင်းခွန်အား၊ တိုင်းရင်းသားစုံပြည်သူတို့၏ စွမ်းပကားဖြင့် အကောင်အထည်ဖော်ခဲ့ရာ ဆည်တမံနှစ်ရာကျော်၊ မြို့ကြီးတိုင်းတွင် တက္ကသိုလ်၊ ကောလိပ်ကိုယ်စီ၊ ဆေးရုံများ အဆင့်မြှင့်ဖွင့်လှစ်၊ လမ်း၊ တံတားများ လက်ယှက်ထိုး ဖောက်လုပ်သွယ်တန်း တည်ဆောက်နိုင်ခဲ့သည်။ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ခဲ့ပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ခေတ်မီအဆင့်မြင့် နည်းပညာများဖြင့် ဖော်ဆောင်နိုင်ရန် ပညာရေးနယ်ပယ်၌ စွမ်းရည်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

ဒီမိုကရေစီကို စည်းစနစ်ကျနစွာ ဖော်ဆောင်မည့် ရှေ့လုပ်ငန်းစဉ် (၇)ရပ်ချမှတ်ခဲ့ရာ ယခုအခါ တတိယလမ်းစဉ်ဖြစ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးပြီ။ စတုတ္ထလုပ်ငန်းစဉ်ဖြစ်သော ရေးဆွဲပြီးစီးသည့် အခြေခံဥပဒေမူကြမ်းကို လာမည့်မေလ၌ ပြည်လုံးကျွတ် ဆန္ဒခံယူ အတည်ပြုတော့မည်။ ၂၀၁၀ ပြည့်နှစ်တွင် အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပရန်လည်း အချိန်ဇယား သတ်မှတ်ပြီးခဲ့ပြီ။

ယခုရေးဆွဲပြီးစီးခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းသည် အမျိုးသားညီလာခံကိုယ်စားလှယ် (တိုင်းရင်းသားစုံ၊ ဒေသစုံ၊ လူတန်းစားစုံ၊ အလွှာစုံ) တစ်ထောင်ကျော် အချိန်ယူ ညှိနှိုင်းပြီး ချမှတ်ခဲ့သည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဤသည်ကို ပြည်တွင်းပြည်ပအဖျက်သမားများ၊ ကိုလိုနီလက်သစ်၊ ကွန်ဆာဗေးတစ် လက်သစ်ဝါဒီတို့က ဆီလိုအပေါက်ရှာပြီး စွပ်စွဲပုတ်ခတ်လာကြသည်။ သူတို့လိုချင်သည်မှာ ယခုကဲ့သို့ မြန်မာ့သမိုင်းကြောင်း၊ ရေခံမြေခံ၊ လူမျိုးယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဆန္ဒသဘောထားနှင့်အညီရေးဆွဲထားသော အခြေခံဥပဒေမျိုးမဟုတ်။ အခြေခံဥပဒေဘေးချိတ်ပြီး ပြည်ပအားကိုးဖြင့် ၎င်းတို့အာဏာရရေး၊ အာဏာရလာလျှင် တိုင်းတစ်ပါးလက်သို့ မြန်မာနိုင်ငံ ထိုးအပ်ရေးသာ ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း တင်ပြပါဦးမည်။ အမေရိကတိုက်မြောက်ပိုင်းဒေသသို့ ဗြိတိသျှ၊ ပြင်သစ် စသည့် ဥရောပသားများကျူးကျော်အခြေချပြီး မူလဒေသခံ ရက်ဒ်အင်ဒီးယန်း လူနီများကိုနှိပ်ကွပ်လျက် ကိုလိုနီ(နယ်ပယ်သစ်)ထူထောင်ခဲ့သူများသည် ၁၇၇၆ ခုနှစ် ဇူလိုင်လ ၄ရက်နေ့တွင် အင်္ဂလန်မှ ဗြိတိသျှအစိုးရအုပ်စိုးမှုကို တော်လှန်ကာ အမေရိကန်ပြည်ထောင်စုဟူ၍ တည်ထောင်ခဲ့သည်။ မူလတည်ထောင်စက ကိုလိုနီ(ပြည်နယ်) ၁၃ခုသာ ပါဝင်သဖြင့် မူလအမေရိကန်အလံတွင် ကြယ်ဖြူ ၁၃ပွင့်သာ ပါဝင်ခဲ့သည်။ နောင်စစ်တိုက်သိမ်းယူ နယ်ချဲ့ခဲ့သဖြင့် ပြည်နယ် ၅၀ရှိလာခဲ့သည်။

၁၇၇၆ခုနှစ်တွင် လွတ်လပ်ရေးကြေညာခဲ့သော အမေရိကန်တို့သည် နောင် ၁၁နှစ်ကြာမှ နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ညီလာခံ(၁၇၈၇ ခုနှစ်)ကျင်းပခဲ့သည်။ ၁၂ပြည်နယ်မှ ကိုယ်စားလှယ် ၆၀ တက်ရောက်ခဲ့သည်။ နိုင်ငံသားအခွင့်အရေးအခန်းတွင် မူလဒေသခံ ရက်ဒ်အင်ဒီးယန်းများကိုလည်းကောင်း၊ ငွေဝယ်ကျွန်ဘဝဖြင့် လူ့အခွင့်အရေး ဆုံးရှုံးနေရသော လူမည်း(နီဂရိုး)များကို လည်းကောင်း နိုင်ငံသားအခွင့်အရေးမပေးနိုင်ဟု တင်းခံနေသူများကြောင့် မူလရေးဆွဲသည့် အခြေခံဥပဒေတွင် နိုင်ငံသားမျ[...]
အခန်း မပါဝင်ခဲ့ပေ။ (နောင်တွင်မှ ဖြည့်စွက[...]
ယင်း အခြေခံဥပဒေကို အတည်ပြုလက်မှတ[...]
၁၆ဦးက မကြိုက်၍ သဘောမတူနိုင်သည်မျ[...]
မထိုးကြပေ။ ကိုယ်စားလှယ် ၃၀ကျော်က[...]
ယင်းသို့ လက်မှတ်ထိုးသူများအနက် အ[...]
မတူသော အချက်များ ပါဝင်သော်လည်း အ[...]
လက်မှတ်ရေးထိုးပါသည်ဟု ပြောပြီးမှ လ[...]

**မြန်မာတို့၏ ယခုဖွဲ့စည်းပုံအခြေခံဥပ[...]
အသေးစိတ် အခြေခံရမည့် မူများကို [...]
ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်စလုံး[...]
သည်။ ယင်းကို အခြေခံကာ ရေးဆွဲသည့်[...]
မူကြမ်းကိုလည်း မူကြမ်းရေးဆွဲရေးကော်မ[...]
သဘောတူ လက်မှတ်ရေးထိုး အတည်ပြု[...]
ဆန္ဒခံယူပွဲကျင်းပကာ ပြည်သူအများစု ထော[...]
ပြဋ္ဌာန်းမည်။ ထိုအခါ အခြေခံဥပဒေမူက[...]
မူချောဖြစ်သွားမည်။ ကမ္ဘာ့နိုင်ငံများတွင် အ[...]
အာဏာပိုင်တို့ကဖြစ်စေ၊ ပါတီအဖွဲ့အစည်[...]
(ပါလီမန်)ကဖြစ်စေ အတည်ပြုလေ့ရှိကြသ[...]
အတည်ပြုခြင်းမျိုး ရှားပါးသည်။ နိုင်ငံနှင့်ပြ[...]
သော အခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံး[...]
ခြင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀၊[...]
ဒီမိုကရေစီခေတ်က ပုံစံမျိုးနှင့်ပင် တူလှ၏[...]
ကျင့်သုံးသည့် သဘောပင်ဆောင်၏။ [...]
ဥပဒေသစ်တွင် နိုင်ငံသား၊ နိုင်ငံသားမျ[...]
တာဝန်အခန်း၌ အခြေခံမူပေါင်း ၅၀ခန့် ပါ[...]
တစ်ခုဟု ဆိုနိုင်၏။**

ဗဟိုအဆင့်တွင် ပြည်သူ့လွှတ်တော်[...]
ပြည်ထောင်စုလွှတ်တော်ဟူ၍ ဥပဒေပြု[...]
ဥပဒေပြုအဖွဲ့အစည်းသုံးခု ပါဝင်၏။ ယင်[...]
အလိုက် တိုင်းရင်းသားလူမျိုးအလိုက် တက[...]
ကိုယ်စားလှယ်များ ပါဝင်သည်။ ပြည်နယ်[...]
ခုနစ်ခု လွှတ်တော်များတွင်လည်း တိုင်းရင်း[...]
ပါဝင်ကာ ဥပဒေပြုကြမည်။ ပြည်နယ်/တို[...]
များနှင့် အစိုးရအဖွဲ့များက အုပ်ချုပ်ရေးအ[...]
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများ[...]

မြန်မာတို့သည် အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော
နိုင်ငံတော်သစ်ကို တည်ဆောက်နေကြသည်။ ပိတ်ဆို့နှောင့်ယှက်မှုမျိုးစုံကြားမှ တက[...]
ညီညွတ်သော ပြည်တွင်းခွန်အား၊ တိုင်းရင်းသားစုံပြည်သူတို့၏စွမ်းပကားဖြင့် အကော[...]
ဖော်ခဲ့ရာ ဆည်တမံနှစ်ရာကျော်၊ မြို့ကြီးတိုင်းတွင် တက္ကသိုလ်၊ ကောလိပ်ကိုယ်စီ၊ [...]
အဆင့်မြှင့်ဖွင့်လှစ်၊ လမ်း၊ တံတားများ လက်ယှက်ထိုးဖောက်လုပ်သွယ်တန်းတည်ဆောက်နိ[...]
ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ခဲ့ပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကမ္ဘာ[...]
နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ခေတ်မီအဆင့်မြင့်နည်းပညာများဖြင့် ဖော်ဆောင်နိုင်[...]
ရေးနယ်ပယ်၌ စွမ်းရည်မြင့် လူ့စွမ်းအားအရင်းအမြစ်များ ပျိုးထောင်မွေးထုတ်ပေးလျ[...]

...ခံဥပဒေသစ်

ဦးမျိုးမြင့်(ဥပဒေ)

သည့် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး အခန်း မပါဝင်ခဲ့ပေ။ (နောင်တွင်မှ ဖြည့်စွက်ထည့်သွင်းနိုင်ခဲ့သည်။) ယင်း အခြေခံဥပဒေကို အတည်ပြုလက်မှတ်ထိုးရာ၌ ကိုယ်စားလှယ် ၁၆ဦးက မကြိုက်၍ သဘောမတူနိုင်သည်များပါ၍ဆိုကာ လက်မှတ် မထိုးကြပေ။ ကိုယ်စားလှယ် ၃၀ကျော်ကသာ လက်မှတ်ထိုးသည်။ ယင်းသို့ လက်မှတ်ထိုးသူများအနက် အချို့က မိမိတို့ သဘော မတူသော အချက်များ ပါဝင်သော်လည်း အခြေခံဥပဒေပေါ်ထွန်းရန် လက်မှတ်ရေးထိုးပါသည်ဟု ပြောပြီးမှ လက်မှတ်ထိုးသည်။

မြန်မာတို့၏ ယခုဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့် မူများကို အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်စလုံးက သဘောတူချမှတ်ခဲ့ သည်။ ယင်းကို အခြေခံကာ ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုလည်း မူကြမ်းရေးဆွဲရေးကော်မရှင်အဖွဲ့ဝင် ၅၄ဦးစလုံး သဘောတူ လက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီးပြီ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပကာ ပြည်သူအများစု ထောက်ခံဆန္ဒမဲဖြင့် အတည်ပြု ပြဋ္ဌာန်းမည်။ ထိုအခါ အခြေခံဥပဒေမူကြမ်းသည် အတည်ပြုပြီး မူချောဖြစ်သွားမည်။ ကမ္ဘာ့နိုင်ငံများတွင် အခြေခံဥပဒေကို ရေးဆွဲကာ အာဏာပိုင်တို့ကဖြစ်စေ၊ ပါတီအဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော် (ပါလီမန်)ကဖြစ်စေ အတည်ပြုလေ့ရှိကြသည်။ ပြည်သူ့ဆန္ဒမဲဖြင့် အတည်ပြုခြင်းမျိုး ရှားပါးသည်။ နိုင်ငံနှင့်ပြည်သူအတွက် အရေးကြီး သော အခြေခံဥပဒေကို ပြည်သူတစ်ရပ်လုံး ဆန္ဒမဲပေးပြီး ဆုံးဖြတ် ခြင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀၊ ရောမခေါ်မ တိုက်ရိုက် ဒီမိုကရေစီခေတ်က ပုံစံမျိုးနှင့်ပင် တူလှ၏။ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးသည့် သဘောပင်ဆောင်၏။ ယခု ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တွင် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်အခန်း၌ အခြေခံမူပေါင်း ၅၀ခန့် ပါဝင်ခြင်းကပင် စံချိန်သစ် တစ်ခုဟု ဆိုနိုင်၏။

ဗဟိုအဆင့်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ဟူ၍ ဥပဒေပြုရေးအာဏာကျင့်သုံးသည့် ဥပဒေပြုအဖွဲ့အစည်းသုံးခု ပါဝင်၏။ ယင်းလွှတ်တော်များ၌ ဒေသ အလိုက် တိုင်းရင်းသားလူမျိုးအလိုက် တက်လာမည့် တိုင်းရင်းသား ကိုယ်စားလှယ်များ ပါဝင်သည်။ ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီး ခုနစ်ခု လွှတ်တော်များတွင်လည်း တိုင်းရင်းသားစုံကိုယ်စားလှယ်များ ပါဝင်ကာ ဥပဒေပြုကြမည်။ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ် များနှင့် အစိုးရအဖွဲ့များက အုပ်ချုပ်ရေးအာဏာ ကျင့်သုံးကြမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသများတွင်လည်း အုပ်ချုပ်ရေး

...၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ
...ယက်မှုမျိုးစုံကြားမှ တကယ်စည်းလုံး
...၏စွမ်းပကားဖြင့် အကောင်အထည်
...ိုလ်၊ ကောလိပ်ကိုယ်စီ၊ ဆေးရုံများ
...ပ်သွယ်တန်းတည်ဆောက်နိုင်ခဲ့သည်။
...က်ရေးလုပ်ငန်းများကို ကမ္ဘာ့အဆင့်မီ
...ာများဖြင့် ဖော်ဆောင်နိုင်ရန် ပညာ
...းထောင်မွေးထုတ်ပေးလျက်ရှိသည်။

အာဏာ၊ ဥပဒေပြုရေးအာဏာများ ခွဲဝေအပ်နှင်းထားသည်။ လူဦးရေ နည်းလွန်းသော်လည်း နိုင်ငံလူဦးရေ၏ ၀ ဒသမ ၁ ရာခိုင်နှုန်း ရှိသော တိုင်းရင်းသားမျိုးနွယ်များပင် ကိုယ်စားလှယ်တစ်ဦး ပါဝင်ခွင့် ရရှိသည်။

အမျိုးသားညီလာခံ ကျင်းပစဉ်ကာလကတည်းကပင် ချမှတ် ခဲ့ပြီးသည့် အခြေခံမူများအား သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား တို့မှ အပြည့်အစုံ ဖော်ပြထုတ်လွှင့်ပေးခဲ့သည့်အပြင် အမျိုးသား ညီလာခံကြီး အောင်မြင်ပြီးမြောက်သည်နှင့်တစ်ပြိုင်နက် အခြေခံ မူများကို စာအုပ်အဖြစ် ပြုစုထုတ်ဝေလျက် ပြည်သူအများ လေ့လာ နိုင်ရန် စီမံဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ဤသို့ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိနိုင်စေရန် ကြိုတင်စီမံဆောင်ရွက်ပေးပြီး ဖြစ်ပါလျက် အခြေခံဥပဒေမူကြမ်း အပေါ် အဆိုးမြင် အပြစ်ရှာသူများက ပွင့်လင်းကြေညာမှု မရှိ၊ Transparency မရှိဟု ပြောနေကြသေးသည်။ လာမည့် မေလတွင် အခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူမည်။ ၂၀၁၀ပြည့်နှစ်တွင် အခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပ မည်ဟု ကမ္ဘာသိကြေညာထားပါလျက် အချိန်ကာလ သတ်မှတ်ချက် (Time Frame) မရှိဟု ပြောနေကြသည်။

အမေရိကန်နှင့် အပေါင်းပါတို့သည် ယနေ့ကမ္ဘာတစ်ခွင် ထောင်းလမောင်းထအောင် စွက်ဖက်ခြေရှုပ်ကြ၊ ကျူးကျော် တိုက်ခိုက်ကြဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကြီးကို ဖြောင်ပင် ချိုးဖောက်နေကြသည်။ ဒီမိုကရေစီနည်းကျ တက်လာသော အစိုးရများစွာကို Colour Revolution အရောင်တော်လှန် ရေးအမည်တပ်ကာ ဖြုတ်ချပြီး ရုပ်သေးအစိုးရများ တင်ပေးနေကြ သည်။ အာရှ၊ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင် အမေရိကနိုင်ငံများ အေးအေးချမ်းချမ်းမနေရအောင် စွက်ဖက် ခြေရှုပ်ရင်း ထိုနိုင်ငံများမှ ထွက်ရှိသော သယံဇာတများ နှိုက်ယူနေ ကြသည်။

အမေရိကန်က အမေရိကန်ပြည်ထောင်စုမှ ခွဲထွက်မည့် တောင်ပိုင်းပြည်နယ်များကို ပြည်တွင်းစစ်ဖြစ်ကာ သွေးချောင်းစီး သည်အထိ တိုက်ခိုက်နှိမ်နင်း၍ ပြည်ထောင်စုမပြိုကွဲအောင် ထိန်းသိမ်း ကာကွယ်ခဲ့သည်။ ဗြိတိန်က မြောက်အိုင်ယာလန်၊ စကော့တလန် တို့၏ ခွဲထွက်ရေး လှုပ်ရှားမှုများကို နှိပ်ကွပ်ပြီး ယူကေ(ခေါ်) ဗြိတိသျှပြည်ထောင်စု မပြိုကွဲအောင် ထိန်းသိမ်းကာကွယ်ခဲ့သည်။

ကမ္ဘာတွင် အင်အားကြီးနိုင်ငံအချို့က သူတစ်ပါးနိုင်ငံများ၊ ပြည်ထောင်စုများကို အစိတ်စိတ်အမြွှာမြွှာကွဲအောင် သပ်လျှိုခွဲထုတ် ခဲ့ကြသည်။ လတ်တလော ဖြစ်ရပ်များကြည့်လျှင် ရုရှားနိုင်ငံတွင်းမှ ချေချင်းညာဒေသခွဲထွက်ရေးတွင် အားပေးနေသည်။ ဂျော်ဂျီယာ၌ သုံးပိုင်းလောက်ကွဲနေသည်။ ယူဂိုဆလဗ်ပြည်ထောင်စုခြောက်စိတ်ကွဲ သည့်အပြင် ယူဂိုဆလဗ်လက်ကျန် ဆားဘီးယားနိုင်ငံတွင်းမှ ကိုဆိုဗို ပြည်နယ်ကိုခွဲထွက်ပြီး သီးခြားနိုင်ငံထူထောင်ရန် ခွဲထွက်ရေး သမားများကို အားပေးကူညီနေသည်။ အာဖရိကတွင်လည်း ခွဲထွက်ရေး အကြောင်းများ တန်းစီနေသည်။ အီရတ်နိုင်ငံမှ ကာ့ဒ်လူမျိုးများ ခွဲထွက်ပုန်ကန်ရေးကို ကူညီအားပေးခဲ့သည်။

၁၉၆၁-၆၂ခုနှစ် ဖက်ဒရယ်လှုပ်ရှားမှု၏ နောက်ကွယ်၌ အမေရိကန်ဦးဆောင်သော ဆီးတိုး(နေတိုးကဲ့သို့ အရှေ့တောင်အာရှ စစ်အုပ်စု)က ကုလားဖန်ထိုးခဲ့သည်။ မြန်မာပြည်ထောင်စုမှ ပြည်နယ် များ ခွဲထွက်၊ သီးခြားနိုင်ငံထူထောင်၊ ဆီးတိုးအုပ်စုသို့ဝင်ရောက်ကာ အရှေ့တောင်အာရှတစ်ခွင် အမေရိကန်စစ်ရေးစိုးမိုးမှုအတွက် အကွက် ဆင်ခဲ့သည်။ ပြည်ထောင်စု ပြိုကွဲမခံနိုင်သော မြန်မာအမျိုးသားရေး (ဝံသာနုရက္ခိတ)အင်အားစုက ထိန်းနိုင်ခဲ့၍ တော်တော့သည်။

ယနေ့ထက်တိုင်လည်း ပြည်ပြေးဇော်ဘွားနွယ်များ၊ လူမျိုးစု သောင်းကျန်းသူ လက်ကျန်အုပ်စုများကို ထောက်ခံကာ ပြည်ထောင်စု အတွင်းမှ ခွဲထွက်ရေး ဆက်လက်သပ်လျှိုနေဆဲဖြစ်သည်။ အမျိုးသား ညီလာခံကြီးမှ ချမှတ်သော နိုင်ငံတော်အခြေခံမူများနှင့် ယခုရေးဆွဲ ပြီးစီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတို့၏ နိုင်ငံတော်ဆိုင်ရာ အခြေခံမူများ၌ ပြည်ထောင်စုမှ မည်သည့်အစိတ်အပိုင်းမျှ ခွဲမထွက်ရ ဟူသောမူ ပါဝင်သည်။ မြန်မာနိုင်ငံက မည်သည့်နိုင်ငံကိုမျှ စတင် မကျူးကျော်၊ မြန်မာ့မြေပေါ်တွင် မည်သည့်နိုင်ငံခြားစစ်တပ်မျှ တပ်ချ ထားခြင်း မရှိစေရဟူသော မူများလည်းပါဝင်သည်။ ဤမူများသည် မြန်မာတို့၏ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး သန္နိဋ္ဌာန်ကို အာမခံထားသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်နှင့်အညီ နိုင်ငံတကာနှင့် ချစ်ကြည်စွာ ဆက်ဆံနေထိုင်ရေး ရှေးရှုသည့် လွတ်လပ်၍ တက်ကြွသော မြန်မာ့နိုင်ငံခြားရေး မူဝါဒကို ထင်ဟပ်ပေါ်လွင်စေသည်။ ထိုသို့ ပြည်ထောင်စုဖွား အားလုံး၏ ကောင်းကျိုးပြည့်ဝစုံလင်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အနောက်အုပ်စုနှင့် ပြည်ပြေးများ၊ ပြည်တွင်းပုဆိန်ရိုးများက ကြံစည် စွပ်စွဲ ပုတ်ခတ်နေသည်မှာ ၎င်းတို့၏ မသမာသော စိတ်ထားကို ဖော်ပြနေခြင်းသာ ဖြစ်သည်။

အမျိုးသားညီလာခံသို့ နိုင်ငံရေးပါတီများမှ တက်ခဲ့သည်။ ထိုသို့တက်ပြီး သုံးနှစ်နီးပါးကြာမှ NLDကျောခိုင်းသွားခြင်း၊ ၂၀၀၄ ခုနှစ်တွင် ညီလာခံပြန်တက်မည်ဟုဆိုပြီးမှ မတက်ဟု NLD က ဆုံးဖြတ်ခြင်းမှာ NLD သဘောသာဖြစ်သည်။ နိုင်ငံတော်ဘက်ကတော့ သဘောထားကြီးခဲ့ပြီးပြီ။ အခုမှလာပြီး NLDနှင့် ထပ်ဆွေးနွေးပါ။ NLDမပါလျှင် ညီလာခံကြီး မအောင်မြင်နိုင်၊ အခြေခံဥပဒေ ရေးဆွဲရေး မအောင်မြင်နိုင်ဟု အနောက်ပါးစပ်၊ ပြည်ပြေးပါးစပ်၊ ပုဆိန်ရိုး အမျိုးသစ္စာဖောက်ပါးစပ်များက ဆိုနေပြန်ပြီ။ သို့သော် . . . တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက အမျိုးသားညီလာခံကြီးကို တစ်ခဲနက် ထောက်ခံလိုက်သော လူထုအစည်းအဝေးကြီးများမှ ပွဲတင်သံများက ယင်းမလိုတမာပါးစပ်များ၏ ညောင်နာနာအသံများကို ဖုံးလွှမ်းထားလိုက်ပြီ ဖြစ်ပေသတည်း။ ။

မြန်မာတို့၏ ယခု ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများကို အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်စလုံးက သဘောတူ ချမှတ်ခဲ့သည်။ ယင်းကို အခြေခံကာ ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကိုလည်း မူကြမ်းရေးဆွဲရေး ကော်မရှင်အဖွဲ့ဝင် ၅၄ဦးစလုံး သဘောတူ လက်မှတ်ရေးထိုး အတည်ပြု ခဲ့ပြီးပြီ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပကာ ပြည်သူ အများစု ထောက်ခံဆန္ဒမဲဖြင့် အတည်ပြု ပြဋ္ဌာန်းမည်။ ထိုအခါ အခြေခံဥပဒေမူကြမ်းသည် အတည်ပြုပြီး မူချောဖြစ်သွားမည်။ ကမ္ဘာ့နိုင်ငံများတွင် အခြေခံ ဥပဒေကို ရေးဆွဲကာ အာဏာပိုင်တို့က ဖြစ်စေ၊ ပါတီ အဖွဲ့အစည်းက ဖြစ်စေ၊ လွှတ်တော်(ပါလီမန်)က ဖြစ်စေ အတည်ပြုလေ့ရှိကြသည်။ ပြည်သူ့ဆန္ဒမဲဖြင့် အတည်ပြုခြင်းမျိုး ရှားပါးသည်။ နိုင်ငံနှင့်ပြည်သူ အတွက် အရေးကြီးသော အခြေခံဥပဒေကို ပြည်သူ တစ်ရပ်လုံး ဆန္ဒမဲပေးပြီး ဆုံးဖြတ်ခြင်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀၊ ရောမခေါ်မ တိုက်ရိုက် ဒီမိုကရေစီ ခေတ်က ပုံစံမျိုးနှင့်ပင်တူလှ၏။ တိုက်ရိုက်ဒီမိုကရေစီ ကျင့်သုံးသည့် သဘောပင်ဆောင်၏။ ယခု ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်အခန်း၌ အခြေခံမူပေါင်း ၅၀ခန့် ပါဝင်ခြင်းကပင် စံချိန်သစ်တစ်ခုဟု ဆိုနိုင်၏။

● **ရှေ့ဖုံးမှ**

ထို့နောက် တိုင်းမှူးနှင့် တိုင်းရင်းသားအဖွဲ့ခေါင်းဆောင် ဦးစဝ်လွယ်မောဝ်တို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ရေတွင်းသစ်ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်လှစ်

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် ဦးစဝ်လွယ်မောဝ်တို့က စက်ရေတွင်းသစ်၏ရေပိုက်ခေါင်းကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒေသခံတိုင်းရင်းသားအဖွဲ့ရိပ်သာတွင် ဦးစဝ်လွယ်မောဝ်နှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ ဒေသဝမ်းစာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ပြောကြားကာ ဦးစဝ်လွယ်မောဝ်အား အမှတ်တရလက်ဆောင်ပစ္စည်းများကိုပေးအပ်သည်။

ထို့နောက် ဦးစဝ်လွယ်မောဝ်က ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးတို့အား ရှမ်းရိုးရာခေါင်းပေါင်းများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဆင်ကျော့တိုက်နယ်ပြည်သူ့ဆေးရုံရှိ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းအတွင်း ပစ္စည်းကိရိယာများတပ်ဆင်ထားရှိမည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

❒ **ကျောဖုံးမှ**

ထို့နောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များက သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

အမှာစကားပြောကြား

ယင်းနောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားသည်။

ပြန်လည်ထွက်ခွာ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များက အလေးပြုကြပြီး စစ်ရေးပြတပ်ရေးက တန်းဖြုတ်ခွင့်တောင်းခံကာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌသည် အလေးပြုခံစင်မြင့်မှ ပြန်လည်ထွက်ခွာသွားသည်။

ဂုဏ်ပြုဆုများချီးမြှင့်

ယင်းနောက် နိုင်ငံတော်စစ်တီးဝိုင်းက သရုပ်ပြဖျော်ဖြေပြီး တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နေပြည်တော် ရေပန်းဥယျာဉ်၌ အပန်းဖြေအနားယူသူများဖြင့် အထူးစည်ကား

နေပြည်တော် ဖေဖော်ဝါရီ ၂၉

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်အား မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ၊ စိမ်းလန်းစိုပြည်ရန်နှင့် နေပြည်တော်နေ ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ စိတ်လက်ချမ်းမြေ့စွာ အနားယူအပန်းဖြေစေရန်တို့ကို ရည်ရွယ်၍ နေပြည်တော်မြို့တော်ခန်းမအနီး၌ နေပြည်တော် ရေပန်းဥယျာဉ်အား ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့သည်။

စိတ်ချမ်းမြေ့

ဖွင့်လှစ်ခဲ့သည့် နေပြည်တော် ရေပန်းဥယျာဉ်သည် ၆၅ဧကခန့်ကျယ်ဝန်းပြီး အမြင့် ၄၈ပေ၊ အကျယ် ၄၈ပေရှိ Steel Structure ဖြင့် တည်ဆောက်ထားသော လှပသည့်ဥယျာဉ်အဝင်မုခ်ဦးနှင့် ဥယျာဉ်အတွင်း ခြောက်ဧကအကျယ် ရေဂါလန် ၁၅သန်းဆံ့ ပင်မရေကန်ကြီးတစ်ကန်၊ ဘဲငန်းကန်နှင့် ရေပန်းကန်ငယ် ၁၁ကန်တွင် ရေပန်းအလှ ၁၀ခု၊ ရေပန်းအောက် လျှောက်လမ်းသုံးခု၊ အမြင့်ပေ ၃၀ရှိ လေးဖက်မြင်သံစုံမြည် နန်းမြင့်နာရီစင်တစ်ခု၊ အပန်းဖြေနားနေဆောင်ကိုးဆောင်၊ ရှုရပ်ပန်းဥယျာဉ်ငယ်နှစ်ခု၊ ကျောက်တုံးဥယျာဉ်သုံးခုနှင့် ရာသီပန်းများ၊ ပုံသွင်းအလှပင်များ၊ နှစ်ရှည်အရိပ်ရပင်များဖြင့် အပန်းဖြေအနားယူသူ ပြည်သူများ စိတ်ချမ်းမြေ့စေရန် စီစဉ်ထားရှိပါသည်။ ဥယျာဉ်အတွင်း ၁၀ပေ အကျယ် Buggy ကားလမ်းနှင့် လူလျှောက်လမ်းများ တည်ဆောက်ထားပြီး Buggy ယာဉ်ငယ်လေးစီးဖြင့် ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုခံစားနိုင်ရန် စီစဉ်ထားရှိသည်။

အထူးစည်ကား

နေပြည်တော်ရေပန်းဥယျာဉ်ကို နေ့စဉ်နံနက် ၈နာရီမှ ညနေ ၇နာရီအထိ ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ အခမဲ့လာရောက်အပန်းဖြေနိုင်ရန် ဖွင့်လှစ်ထားသဖြင့် နေပြည်တော်နေ ပြည်သူများနှင့် ဝန်ထမ်းမိသားစုများမှ ညနေပိုင်းအချိန်များ၊ အထူးသဖြင့် စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် လာရောက်အပန်းဖြေ အနားယူသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

OK Myanmar Co., Ltd. ၏ ဒေဝူးအမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသပွဲတွင် မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒေဝူးအမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

OK Myanmar Co.,Ltd.၏ ဒေဝူးအမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းသစ်များ မိတ်ဆက်ရှင်းလင်းပြသပွဲကို ယနေ့ညနေ၆နာရီက ရန်ကုန်မြို့ရှိ Inya Lake Hotel(Sunset Terrace) မြက်ခင်းပြင်၌ကျင်းပရာ အနယ်နယ်အရပ်ရပ်ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များမှ အရောင်းကိုယ်စားလှယ်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေဝူးအမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်း အမယ်သစ်များ ဆက်လက်တင်သွင်းမည့် အခြေအနေများကိုရှင်းလင်းတင်ပြသည်။ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က မြန်မာနိုင်ငံဈေးကွက်တွင် ဒေဝူးလျှပ်စစ်ပစ္စည်းများ အဆင်ပြေ ချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများ၊ ပြည်သူလူထု လက်ခံသုံးစွဲသည့် အနေအထားများနှင့် ဝယ်ယူပြီးနောက် ကုမ္ပဏီက တာဝန်ယူထားသည့် ဝန်ဆောင်မှု အာမခံချက်များနှင့် ခိုင်ခိုင်မာမာ ဖြေရှင်းဆောင်ရွက်ပေးသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တွင်ကျယ်စွာသုံးစွဲ

အခမ်းအနားအပြီးတွင် ခင်းကျင်းပြသထားသည့် ဒေဝူးအမှတ်တံဆိပ် ပစ္စည်းသစ် Side by Side ရေခဲသေတ္တာကြီးများ၏ ထူးခြားသည့် အရည်အသွေးလုပ်ငန်းဆောင်ရွက်ပုံနှင့် အသုံးပြုပုံများကို ကုမ္ပဏီအင်ဂျင်နီယာများနှင့် အရောင်းဝန်ထမ်းများက ရှင်းလင်းပြသသည်။ အဆိုပါ Side by Side ရေခဲသေတ္တာကြီးများသည် လီတာ ၆၂၀ရှိပြီး ဈေးကွက်တွင် ပုံမှန်တွေ့ရှိရသည့် ရေခဲသေတ္တာများထက် သုံးလေးဆ ပိုကြီးသည် R-600Gas ကို အသုံးပြုထားသဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုပြီး ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုကို အကာအကွယ်ပေးသည်။ အထူးသဖြင့် Nano Silver စနစ် နည်းပညာကို အသုံးပြုထားသဖြင့် ပိုးမွှားများကို ရာနှုန်းပြည့်နီးပါးသန့်စင်နိုင်ပြီး သားငါးများ အချိန်ကြာမြင့်စွာ သိုလှောင်ထားရှိနိုင်သည်။ ဆူညံမှုမရှိဘဲ စွမ်းအင်သုံးစွဲမှု သက်သာခြင်းကြောင့် နိုင်ငံတကာဈေးကွက်တွင် တွင်ကျယ်စွာ သုံးစွဲလျက်ရှိသည်။ ဧည့်ရိပ်သာများ၊ မိသားစုများသည် အိမ်များနှင့် စားသောက်ဆိုင်များတွင် သုံးစွဲရန် အထူးသင့်လျော်ပြီး ဆက်သွယ်စုံစမ်းလိုပါက OK Myanmar Co., Ltd. ရုံးချုပ် အမှတ် ၁၆၃ ဗိုလ်အောင်ကျော်လမ်း ဖုန်း–၃၇၇၆၂၇၊ ၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၉၂၉၉၇နှင့် ကုမ္ပဏီအရောင်းဆိုင်များ၊ (ရန်ကုန်) Daewoo Showroom အမှတ် ၁၇၅ ဗိုလ်အောင်ကျော်လမ်း၊ဖုန်း– ၂၅၆၉၄၇၊ HQ (I) Showroom အမှတ် ၁၂၄ မဟာဗန္ဓုလ ပန်းခြံလမ်း ဖုန်း– ၃၇၆၉၉၇၊ HQ (II) Showroom အမှတ် ၂၀၁/၂၀၃ ပန်းဆိုးတန်းလမ်း ဖုန်း–၂၄၀၀၇၇၊ ၃၈၇၆၄၄၊ နေပြည်တော် Showroom အမှတ် ၁၅၆ သီရိရတနာ အဆင့်မြင့်ဈေး နေပြည်တော် ဖုန်း–၀၆၇–၄၂၀၈၁၃၊ (မန္တလေး) Daewoo Showroom အမှတ် ၁၃၅၊ (၈၄)လမ်း၊ ၃၀ x ၃၁ လမ်းကြား မန္တလေးမြို့ ဖုန်း–၀၂–၃၁၅၈၂ များနှင့် အနယ်နယ်အရပ်ရပ်ရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ ဝယ်ယူထားသည့် ဒေဝူး လျှပ်စစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စများရှိပါက OK Myanmar Service အောင်သပြေလမ်းနှင့် ပိတောက်လမ်းထောင့် ယုဇနပလာဇာ နောက်ကျောမင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း–၂၉၉၄၀၁၊၂၉၈၄၉၁၊ ၀၉–၉၉–၂၆၅၈၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



OK Myanmar Co., Ltd. ၏ ဒေဝူးအမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းသစ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူး၍ လစဉ်ကျင်းပလျက်ရှိသော ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကို မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက်၏ ပံ့ပိုးကူညီမှုဖြင့် မတ်၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ စာရေးဆရာ စီးပွားရေးပညာရှင် ဆရာခင်မောင်ညို (ဘောဂဗေဒ)က ယုံကြည်မှု ရှိဖို့လိုသလား (Is Trust Needed) ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇)ရပ်ကွက် ဥက္ကလာရာမဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းအောင်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း ဖေဖော်ဝါရီ၃ရက်မှ ၁၅ရက်အထိ ကျေးရွာခြောက်ရွာရပ်၊ ကွက်၂၆ခုအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကွင်းဆင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပြုလွှာပေး

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာစောင်ရေ ၅၀၀၀၊ အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ ၃၀၀၀ နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရာသက်ပန်အသင်းဝင် အဆိုပြုလွှာစောင်ရေ ၃၀၀၀တို့ကို ကိုယ်စားလှယ်များက ပေးအပ်ကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ရန်ကုန်တိုင်းတာဝန်ခံ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ချီးမြှင့်

ယင်းနောက်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇)ရပ်ကွက်နေ ဦးစံငွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

ဆက်ကပ်

ဆက်လက်၍ တိုင်းမှူးသည် ဥက္ကလာရာမကျောင်းတိုက်သို့ သွားရောက်၍ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိသုတအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့ လပွတ္တာမြို့နယ် ဘုရားကြီးကုန်းကျေးရွာရှိ ရှေးဟောင်းရှင်စောမြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် လောင်းဝေဿန် မင်္ဂလာဓမ္မဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (လယ်/ဆည်)

လပွတ္တာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များအား အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် လပွတ္တာလုပ်(တောင်) ကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာရှိ ရှေးဟောင်းရှင်စောမြတ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် လောင်းဝေဿန်မင်္ဂလာဓမ္မဗိမာန်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက် နံနက်၉နာရီခွဲက အဆိုပါစေတီတော်ကြီး၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက လောင်းဝေဿန် မင်္ဂလာဓမ္မဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး စေတီတော်ကြီးအား လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ စေတနာရှင် အလှူရှင်များက ဆရာတော်၊ သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်

ဆက်လက်၍ အလှူငွေပေးအပ်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက ဩဝါဒါစရိယအောင်မြေ ဘုံစံကျောင်းတိုက် ဆရာတော် အဘိဓမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များက ရွတ်ဖွားသည့် မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကိုနာယူကြကာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း မိသားစု၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် စေတနာအလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အမျှဝေ

ထို့နောက်ဒေဝဒဟသဗ္ဗသိဒ္ဓိ လောကနတ် ပရဟိတကျောင်း ဆရာတော် ဘဒ္ဒန္တပညာတေဇက နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများကို လှူဒါန်းရာ အထွေထွေအတွင်းရေးမှူးက လက်ခံပြီး အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းမိသားစုနှင့် ဝန်ကြီးဌာနမှ ဝန်ထမ်း မိသားစုတို့က အလှူတော်ငွေများ လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌဒေါက်တာသန်းဆွေက လက်ခံပြီး ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတက အနုမောဒနာ တရားချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

အမှာစကား

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် လပွတ္တာမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာတော်ကြီးနှစ်ပါး ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်မြို့ သမိုင်းမရမ်းခြံ အောင်ဓမ္မရိပ်သာတွင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဆရာတော်ကြီးနှစ်ပါး ပူဇော်ပွဲနှင့် တပေါင်းလတရားပတ်၊ တန်ခူးလ သင်္ကြန်တရားပတ်များကို အောက်ပါရက်များအတိုင်း ကျင်းပမည် ဖြစ်ရာ ယောဂီဒါယကာ၊ ဒါယိကာမတို့အား တရားစခန်းပွဲဝင်နိုင်ရန်နှင့်ပူဇော်ပွဲတက်ရောက်နိုင်ရန် ဆရာတော်ကြီး နှစ်ပါး ပူဇော်ပွဲကို မတ်၂၃ရက် (တနင်္ဂနွေနေ့) တွင်လည်းကောင်း၊ တပေါင်းလတရားပတ်ကို မတ် ၇ရက်မှ ၁၈ရက်အထိ လည်းကောင်း၊ သင်္ကြန်တရားပတ်ကို ဧပြီ ၁၁ရက်မှ ၁၉ရက်အထိလည်းကောင်း ကျင်းပမည်ဖြစ်သည်။

တရားပတ်များအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းလိုသူများသည် အကျိုးဆောင်အဖွဲ့ရုံးနှင့် ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က–ပ)**

ဖေဖော်ဝါရီ ၁၁ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ ကျေးရွာများမှ အခြေခံပညာ ကျောင်းများနှင့် ကျေးရွာစာကြည့်တိုက်များအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ သုတစွယ်စုံစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။
(မြို့တော်စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ် ၂၀ ၁၆၅လမ်းနေ ဦးမျိုးအောင်–ဒေါ်ခင်မြင့်မြင့်စိန် မိသားစုက ငါးထပ်ကြီးဘုရား ဆုတောင်းပြည့်စေတီတော် အသစ်ပြန်လည်ပြုပြင် တည်ဆောက်ခြင်းအတွက် အလှူငွေ ကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဘတင်နှင့် အဖွဲ့ဝင် ဦးသောင်းညွန့်တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လက်ခံယူ

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးတွင် အသင်းနာယက ဦးမြတ်သင်းအောင်နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်မြင့်မြင့် (အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ)တို့က အလှူငွေကျပ်၁၀သိန်း လှူဒါန်းရာ ဥက္ကဋ္ဌနာယကဦးဘစော၊ ဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း(ငြိမ်း) နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းတို့ လက်ခံယူစဉ်။ (က–ပ)

ဖေဖော်ဝါရီ၁ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည့် (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ ပြိုင်ပွဲနှင့် ဟောပြောပွဲတွင် ပန်းချီ ဆုရရှိသည့် ကျောင်းသား တစ်ဦးအား ကျောင်းအုပ်ဆရာမကြီးဒေါက်တာ ဒေါ်နန်းထိုက်အောင် ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

မင်္ဂလာဇေယျုံ နွေပညာဒါန

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ရန်ကုန်တိုင်း တာမွေမြို့နယ် က/၈ ရပ်ကွက် ၁၅၄ လမ်းရှိ မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်တွင် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသြဘာသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဦးစီး၍ စာပြစာချဆရာတော်ဘဒ္ဒန္တကဝိဓဇ (B.Com)က သင်တန်းမှူးအဖြစ် ဆောင်ရွက်တာဝန်ယူကာ နွေရာသီအင်္ဂလိပ်စကားပြောအထူးသင်တန်းများကို မတ် ၁ရက်မှစ၍ ဖွင့်လှစ်သင်ကြားပြီး သင်တန်းတွင် ပဌမတန်းဖြေဆိုပြီး သူများမှ ဘွဲ့ကြို၊ ဘွဲ့ရ၊ ဘွဲ့လွန်များအထိ အဆင့်အမျိုးမျိုး ခွဲခြားလက်ခံလေ့ကျင့်ပေးသွားမည်ဖြစ်ရာ တက်ရောက်လိုသူများသည် မင်္ဂလာဇေယျုံပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း–၅၄၅၅၂၄နှင့် ၀၉–၂၀–၄၅၂၆၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကမာရွတ် သာသနာ့ရက္ခိတ ဆွမ်းလောင်းအသင်း (၆၁)နှစ်မြောက် ဆွမ်းသိမ်းအောင်ပွဲဓမ္မပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ကမာရွတ်မြို့နယ် အမှတ်(၇)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ သာသနာ့ရက္ခိတ ဆွမ်းလောင်းအသင်း(၆၁)နှစ်မြောက် ဆွမ်းသိမ်းအောင်ပွဲ ဓမ္မပူဇာသဘင်အဖြစ် မတ် ၃ရက်တွင် အရှင်တေဇာနန္ဒ(သာသနာ့ဇဗ္ဗမ္မာစရိယ)၊ မတ် ၄ရက်တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်၊အင်းမ)၊ မတ် ၅ရက်တွင် အရှင်ပညာနန္ဒ (သီတဂူ၊ ကြယ်တစ်ပွင့်)၊ မတ် ၆ရက်တွင် အရှင်ဆေကိန္ဒ(ဓမ္မဒူတ)နှင့် မတ်၇ရက်တွင် အရှင်ပညာ သီဟ(ရွှေညဝါဆရာတော်)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး မတ် ၈ရက်တွင် သံဃာတော်များအား နံနက် အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ မဟာဒုက်နှင့် စာရေးတံမဲများ ကပ်လှူခြင်းနှင့် ညနေပိုင်းတွင် ပင့်သံဃာတော်များအား ရပ်ကွက်လုံးကျွတ်စုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်သည်။ **(က-ပ)**

အဘိဓမ္မာ သင်္ဂြိုဟ်သင်တန်းများ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ပို့ချမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၉

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာ မဟာသိပ္ပံ (International Institute of Abhidhamma-I.I.A)သည် အဘိဓမ္မာ ကျမ်းရင်းများကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် အောက်တိုဘာ ၃ ရက်မှစ၍ ရုံးဖွင့်ရက်များတွင် ဆရာကြီး ဦးတင်ထွဋ်က မြန်မာဘာသာဖြင့်လည်းကောင်း၊ ဆရာကြီးပါမောက္ခ ဒေါက်တာမင်းတင်မွန်က အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း သင်ကြားပေးမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ အမှတ် ၄၉-၅၀ ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့တွင် အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သွေးလှူဒါန်းပွဲ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၉

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီး ဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်တို့သည် ဖေဖော်ဝါရီ ၂၃ရက်က မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည့် (၆၃)နှစ်မြောက် တပ်မတော် နေ့ကို ဂုဏ်ပြုကြိုဆိုသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စုပေါင်း သွေးလှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး အသင်းဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ဆက်ကပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြစ်ကြီးနားမြို့ရှိ နိုင်ငံတော်သံဃမဟာနာယက သြဝါဒါစရိယ ဝန်းသိုကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသအား သွားရောက်ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးဝန်ကြီးသည် မြစ်ကြီးနား-ဆဒုံးလမ်းရှိ ဆဒုံးမြို့ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆဒုံးမြို့ စည်ပင်သာယာဈေးအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Client Focus Technology Group Co., Ltd. မှ Epson New Product Launch 2008 သရုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

Client Focus Technology Group Co., Ltd. က စီစဉ်ကျင်းပသည့် Epson New Product Launch 2008 နှင့် စပ်လျဉ်းသည့် သရုပ်ပြရှင်းလင်းပွဲကို ယမန်နေ့ညနေ ၆ နာရီက ရန်ကုန်တိုင်း ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Parkroyal Hotel Ballroom ၌ ကျင်းပရာ IT ကုမ္ပဏီများနှင့် စာနယ်ဇင်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ Client Focus Technology Group Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr. Francis Au Seng Huat က နှုတ်ခွန်းဆက် စကားပြောကြားသည်။

ယင်းနောက် Client Focus Technology Group Co., Ltd. မှ ဒါရိုက်တာ ဦးအောင်ကျော်မိုးက Epson New Product Launch 2008 နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား လက်တွေ့သရုပ်ပြသပြီး မန်နေဂျင်း ဒါရိုက်တာ Mr. Francis Au Seng Huat က ၂၀၀၇ ခုနှစ်တွင် Epson Product ရောင်းအား အကောင်းဆုံးဆုရ I.T ကုမ္ပဏီများဖြစ်ကြသည့် Technoland၊ KMD နှင့် City Com တို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

Epson Product အသစ်များမှာ Laser Printer Quality အတိုင်း Print Outလုပ်နိုင်သည့်အပြင် Photo Quality အဆင့်မီ ဓာတ်ပုံများ ထုတ်လုပ်ပေးနိုင်သည့် Printer များဖြစ်ပြီး Scan, Print နှင့် Copy သုံးမျိုး အသုံးပြုနိုင်သော All in One Printer များ၊ Scanner များ၊ Projector များလည်းဖြစ်သည်။ Epson Productများနှင့် စပ်လျဉ်း၍ သိရှိလိုပါက ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း အမှတ် ၁၃၀ရှိ IT/OA Showroom and Service Center II ဖုန်း-၂၄၉၃၄၄၊ ၂၄၉၃၄၅၊ ၂၄၉၃၆၄၊ ၃၇၄၁၁၀ နှင့် ၃၉၁၄၀၉ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်သည်။ **(သတင်းစဉ်)**

အိပ်ပျော်နေသည့် ခင်ပွန်းအား ဇနီးဖြစ်သူက ဝိုင်ယာကြိုးဖြင့် လည်ပင်းညှစ်သတ်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၉

မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက် ရွာမကန်ရပ်နေ မစောသန္တာ(၂၉နှစ်)(ဘ)ဦးကျော်ရွှေ(ဈေးရောင်း)သည် ဖေဖော်ဝါရီ ၂၅ရက် နံနက် ၁ နာရီအချိန်ခန့်က အိပ်ပျော်နေသည့် ခင်ပွန်းဖြစ်သူသန်းထွန်းအောင် (၃၃ နှစ်) (ဘ) ဦးအုံးမြင့်(တောင်သူ)အား အရှည် ၆ ပေခန့်ရှိ ၇၀၂၉ ဝိုင်ယာကြိုးအခွေဖြင့် လည်ပင်းညှစ်သတ်ခဲ့သဖြင့် သန်းထွန်းအောင်မှာ သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သန်းထွန်းအောင်၏အစ်မဖြစ်သူ မစန်းစန်းညွန့်က မင်းဘူးမြို့နယ် ရဲစခန်းသို့ တိုင်ကြားခဲ့ရာ ရဲစခန်းမှ မစောသန္တာအား (ပ) သတင်းချက်အမှတ် ၃၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

အော်ဟစ် ရမ်းကားနေသူအား အမှုဖွင့်အရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၂၉

သဃ်္ဃန်းကျွန်းမြို့နယ် ကျိုက္ကဆံအနောက်ရပ်ကွက် ကျိုက္ကစံဘုရားပွဲတွင် ဖေဖော်ဝါရီ ၂၆ရက် ညနေ ၄ နာရီအချိန်ခန့်က ဘုရားပွဲအတွင်း လူတစ်ဦး အော်ဟစ် ရမ်းကားနေပြီး ဈေးဗန်းများအား လိုက်လံကန်ကျောက် နေသဖြင့် သဃ်္ဃန်းကျွန်းမြို့နယ် ရဲစခန်းမှ တာဝန်ရှိသူများသည် သက်သေ များနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းမှာ ခင်မောင်ဌေး (၃၂နှစ်) (ဘ)ဦးဌေးအောင် (ကျပန်း) အမှတ် ၆၇ အင်ကြင်းလမ်း နှင်းဆီကုန်း (က)ရပ်ကွက် သုဝဏ္ဏ သဃ်္ဃန်းကျွန်းမြို့နယ်နေသူဖြစ်ပြီး ပွဲခင်းအတွင်း စစ်ဝတ်စုံဝတ်ဆင်၍ အယောင်ဆောင်ကာ ဈေးသည်များအား နှောင့်ယှက် နေကြောင်း စစ်ဆေးသိရှိရသဖြင့် ၎င်းအား သဃ်္ဃန်းကျွန်းမြို့နယ် ရဲစခန်းမှ(ပ) သတင်းချက်အမှတ် ၂၁၄/၂၀၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၀ဖြင့် အမှုဖွင့်အရေးယူထားသည်။ **(သတင်းစဉ်)**

ပုဂံညောင်ဦးအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၇ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗဟန်း ၂လမ်းနှင့် ကမ္ဘာအေးစေတီလမ်းထောင့်ရှိ ရှေ့နေချုပ်ရုံး ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်က ငါးဘာသာဂုဏ်ထူးရှင် မဆုမြတ်မွန်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ စပါးကြီးမြွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၉

ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်းအတွင်း ဖြိုးစည်သူထရေးဒင်း ကုမ္ပဏီလီမိတက်က စိုက်ပျိုးလုပ်ကိုင်နေသော ကျွန်းအထူးစိုက်ခင်းဧက ၅၀၀၀အတွင်းရှိ အကွက်အမှတ်(၂၂) စိုက်ကွက်မြေနေရာတွင် တောင်ယာ ခုတ်လုပ်ငန်းလုပ်ကိုင်နေသည့် ယာသမားများအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ရက် (သောကြာနေ့) နံနက် ၉နာရီခန့်က ထိုးကျချောင်းအနီး မီးတားလမ်းပေါ်မှ အလျား ၁၁ပေ၊ လုံးပတ်၁ပေ၂လက်မရှိ စပါးကြီးမြွေတစ်ကောင်အား တွေ့ရှိသောကြောင့် ကြံခင်းမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဝင်း၏ အကူအညီဖြင့် ရန်ကုန်မြို့တိရစ္ဆာန်ဥယျာဉ်မှတစ်ဆင့် နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်သို့ လွှဲပြောင်းလှူဒါန်းလိုက်ကြောင်း သတင်းရရှိသည်။ (ယာပုံ) (သတင်းစဉ်)

မီးဘေးရှောင် မလောင်ခင်တား

ပခုက္ကူ၌ ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ပေးအပ်

ပခုက္ကူ ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်း ထပ်ဆင့်ရှင်းလင်းပွဲနှင့် ၂၀၀၈ခုနှစ် တစ်နှစ်တာ လုပ်ငန်းတာဝန်များ ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က ပခုက္ကူခရိုင်ရုံး ရုပ်မြင်သံကြားပြသခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပခုက္ကူခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်း၊ ဂန့်ဂေါခရိုင်ဦးစီးအရာရှိ ဦးမြင့်အေး၊ ပခုက္ကူ၊ ပေါက်၊ မြိုင်၊ ရေစကြို၊ ဆိပ်ဖြူ၊ ဂန့်ဂေါ၊ ထီးလင်း၊ ဆောနှင့်ကျောက်ထုမြို့တို့မှ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းက ဝန်ကြီး၏မိန့်ခွန်းများကို ထပ်ဆင့်ရှင်းလင်း၍ (ဝဲပုံ) ၂၀၀၈ခုနှစ် လုပ်ငန်းတာဝန်များအား ခရိုင်အလိုက် တာဝန်ပေးအပ်သည်။ အလားတူပင် ဖေဖော်ဝါရီ ၈ရက်က မကွေးခရိုင်ရုံးတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ရက်က မင်းဘူးခရိုင်ရုံးတွင်လည်းကောင်း ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (တိုင်း ပြန်/ဆက်)

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဝါဆိုကျောင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကိုဖေဖော်ဝါရီ၁၄ရက်ကကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်/ချုပ် စဥ့်ကူးမြို့နယ်ထွေ/အုပ် ဝန်ထမ်းများနှင့်တွေ့ဆုံ

စဥ့်ကူး ဇန်နဝါရီ ၂၈

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုသည် ညွှန်ကြားရေးမှူး ဦးတင်သိန်း၊ ပြင်ဦးလွင်ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းလွင်တို့ လိုက်ပါ၍ ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းက စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ ပြုလုပ်သည်။

အခမ်းအနားတွင် စဥ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူက မြို့နယ်ဆိုင်ရာ အချက်အလက်များ တင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က ဝန်ထမ်းများ စည်းလုံးညီညွတ်စွာနှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး မှာကြားပြီး ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း ရေတာရှည်မြို့နယ်အတွင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကျောက်ချောခင်းခြင်းဆောင်ရွက်နေမှုကို ဇန်နဝါရီ ၂၆ ရက်က တိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့်အဖွဲ့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြစဉ်။ (တိုင်းစည်ပင်)

ကြက်ငှက်တုပ်ကွေး ထိန်းချုပ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေလေ့လာရေး ရွှေဘို၌သင်တန်းဖွင့်

ရွှေဘို ဖေဖော်ဝါရီ ၂

ရွှေဘိုမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ရောဂါစူးစမ်းရှာဖွေ လေ့လာရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၁၀ရက် နံနက် ၉ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့် တက်ရောက်၍သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်က သင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ မြို့နယ်အတွင်းမှ သင်တန်းသား ၅၀ တက်ရောက်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကြို့ပင်ကောက် မြို့နယ် ရှားပင်ထ-ညောင်ကုန်းလမ်း ဂဝံကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်ကကျင်းပရာ လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညိမ်းမြင့်အောင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ဝ၄ဝ)

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

တောင်ငူ ဖေဖော်ဝါရီ ၁၂

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းက မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ (ယာယီ)ရုံးခန်းမ၌ကျင်းပရာ သဘာပတိအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း (ငြိမ်း)(ကိုရေချမ်း-တောင်ငူ)(အောက်ယာပုံ)**နှင့်ဂုဏ်ထူးဆောင်နာယကဦးမြင့်ညို(အမေ့အိမ်)တို့ကအမှာစကားပြောကြားကြသည်။**

အတည်ပြု

အစည်းအဝေးတွင် ၂၀၀၇ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အဖွဲ့အတွင်းရေးမှူး ဦးကျော်မြင့်(ကျော်မြင့်-မဟော်သဓ)က ဖတ်ကြားတင်သွင်း၍ ငွေစာရင်းရှင်းတမ်းကိုအမှုဆောင် ဦးယုလွင်(မောင်ကြေးစည်တောင်ငူ)ကဖတ်ကြားတင်သွင်းရာ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေး အတည်ပြုကြသည်။

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်များအဖြစ် စာနယ်ဇင်းအဖွဲ့ ကိုယ်ပိုင်ရုံးခန်း အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကေတုမတီမြို့တည်ထောင်ခြင်း နှစ်(၅၀၀)ပြည့်အကြို ကေတုမတီ မဂ္ဂဇင်းအမှတ်(၂)ထုတ်ဝေရေးနှင့် ဘဏ္ဍာငွေရှာဖွေရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အဖွဲ့နာယက ဦးကျော်လှ (သတင်းထောက်)၊ ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသော ဦးစောဌေး (ထွေ/အုပ်၊ ငြိမ်း)နှင့် ဦးမြင့်ညို(အမေ့အိမ်)တို့ကဆွေးနွေးကြရာ အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေး ဆုံးဖြတ်ချက်များချမှတ်ကြသည်။**(ဝ၅၂)**

သုံးခွမြို့ အမျိုးသားကျောင်း အာစရိယပူဇော်

သုံးခွ ဇန်နဝါရီ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမျိုးသားကျောင်း အထက(၁)နှင့် အထက(၂)မှ အသက် ၆၀နှင့်အထက် ဆရာကြီး ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၆ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန်တော့ခံဆရာကြီး ဆရာမကြီးများအားအလှူငွေဖြင့်ကန်တော့ရာ အသက်၇၅နှစ်အထက်တစ်ဦးလျှင် ငွေကျပ်၂၀၀၀၀ဖြင့် ကိုးဦး၊ အသက်၆၅နှစ်မှ၇၅နှစ် တစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ဖြင့် ၅၆ဦး၊ အသက် ၆၀မှ ၆၅နှစ်အထိ တစ်ဦးလျှင် ငွေကျပ် ၁၂၀၀၀ဖြင့် ၄၃ဦးတို့ကို လှူဒါန်းကန်တော့ကြကြောင်း သိရသည်။ (၁၂၄)

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးမီးဘေးကြိုတင်ကာကွယ်တားဆီးရေးဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၂ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် မြို့နယ်မီးသတ် ဦးစီးမှူး ဦးအောင်ကျော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

ကျောက်ဆည်မြို့၌စုပေါင်းသွေးလှူဒါန်း

ကျောက်ဆည် ဖေဖော်ဝါရီ ၂၀

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက စီစဉ်ဆောင်ရွက်သည့် စုပေါင်းသွေးလှူဒါန်းပွဲကို ကျောက်ဆည်မြို့ အထွေထွေအထူးကုဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ အထွေထွေအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်၊ ခတ်ခွဲဦးစီးအရာရှိ ဦးတင်မောင်ဆွေ၊ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးသီဟဆွေ၊ တွဲဖက်အတွင်းရေးမှူး ဦးတင်သိန်း၊ အမှုဆောင်များနှင့် စည်းရုံးရေးမှူးများ တက်ရောက်အားပေးကြပြီး သွေးလှူရှင် ၃၀ တို့က သွေးများ လှူဒါန်းကြသည်။ (ခရိုင် ပြန်/ဆက်)



ကိတ္တိမသားသမီးများအဖြစ် မွေးစားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်အား တာဝန်ပေးလွှဲအပ်သူ ဒေါ်နွယ်နွယ်အေး ၈/ရနခ(နိုင်)၀၂၆၆၂၈ ရေနံချောင်းမြို့နယ် မြို့မမြောက်၊ ရစ်မျက်နှာဘုရားလမ်း၊ အမှတ်၇၉၅နေသူသည် အဖ ဦးဝင်းမောင်၊အမိ ဒေါ်သီတာလွင်တို့၏သမီး မစုစန္ဒီသွေး အသက် (၁၄)နှစ်၊ မောင်ကျော်သူလင်း အသက်(၈)နှစ်တို့ကို ၁၉၃၉ခုနှစ် ကိတ္တိမသားသမီးများ မွေးစားခြင်း၊ မှတ်ပုံတင်အက်ဥပဒေပုဒ်မ–၅နှင့်အညီ ရေနံချောင်းမြို့ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် ၂၀၀၅ခုနှစ် စာချုပ်အမှတ်–၅၊ မှတ်ပုံတင် စာအုပ်အမှတ်–၆၊ အတွဲ–၁တွင် မှတ်ပုံတင်၍ အမွေပေးရန် ရည်ရွယ်ချက်ဖြင့် မွေးစားပြီးဖြစ်ကြောင်းနှင့် မွေးစားသားသမီးများနှင့်ပတ်သက်သမျှ ကိစ္စအဝဝ သည် နောင်တွင်မိရင်းဖရင်းများနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိစေဘဲ မွေးစားမိခင် ဒေါ်နွယ်နွယ်အေးကသာလျှင် ပညာရေး၊ လူမှုရေးစသည်တို့ကို လုံးဝတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးမြတ်လှဦး (စဥ်–၁၈၀၇)
M.A(Business Law)
B.A.,R.L.,D.B.L.,D.M.L.,
D.A.E.,B.O.S.,D.A.,P.Sy
အမှတ်(၅၀) ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၃၄ မြေကွက်အမှတ် ၂၂၃၊ မြေကွက်တည်နေရာ အမှတ် ၂၂၃၊ ပျဥ်းကတိုးလမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဦးမြမောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြမောင်နှင့်ဇနီးကွယ်လွန်သဖြင့် ဒေါ်ယဉ်ယဉ်ကြူ ၁၂/အလန(နိုင်)၀၀၁၇၆၂ နှင့် ဒေါ်စန်းစန်းသီ ၁၂/အလန(နိုင်)၀၀၁၇၆၃ တို့က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။**

အမည်ပြောင်း

အဖ ဦးအောင်တေဇ၏သား တောင်ငူ အထက(၂)ဆဋ္ဌမတန်း(A)မှ မောင်ရဲမြတ်ဟိန်းအား မောင်ရဲဝင့်တေဇဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ရဲဝင့်တေဇ(တောင်ငူ)။**

ဖခင်အမည်မှန်

နေပြည်တော် ပျဉ်းမနား ကျည်တောင် အထက(၂)(ခွဲ) နဝမတန်း(က)နေ စောနေနိုင်ထွန်း၏ ဖခင်အမည်မှန်မှာ စောအေးကြီး ၁၄/မမက(နိုင်)၀၃၅၆၆၃ ဖြစ်ပါကြောင်း။ **စောအေးကြီး။**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပခ/၄၆၇၀ Honda 125m M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင်၇/ညလပ (နိုင်) ၀၇၉၁၁၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနတိုင်းဦးစီးမှူးရုံး(ပဲခူး)။**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(အေ)မှ မနန်းဝင်းဝင်းဌေး၏ ဖခင်အမည်မှန်မှာ ဦးကြီးအောင် ဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

ဦးတင်မောင်ဦး ၁၂/တမန(နိုင်) ၀၄၉၆၀၃၏နိုင်ငံကူးလက်မှတ်–၅၇၆၄၁၁ စာအုပ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၀၉–၅၀–၁၂၂၇၄၊ ၄၃၉/၄၄၀ စောရနံပိုင်လမ်း၊ ၂၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။**

အမည်ပြောင်း

တောင်ကြီးမြို့၊ အလက(၄)၊ ပထမတန်း (အေ)မှ မောင်အာကာမင်းထက်အား ယနေ့မှစ၍ မောင်အာကာမင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အာကာမင်းခန့်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ပိုင် ယာဉ်အမှတ် ၇က/၂၄၀၀ ၏ အခွန်ကျေပုံစံ(၁)မှာ ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပါရန်။ **ဖုန်း–၀၉–၅၀–၀၈၈၄၇။**

အမည်ပြောင်း

အဖ ဦးနိုင်ဦး၏သမီး အထက (၂) ကမာရွတ်မြို့နယ် Grade-1/C မှ မသင်းထက်စံအား ခိုင်ဆုစံဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မခိုင်ဆုစံ။**

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း ချောက်မြို့နယ် စလေမြို့တွင်း ရှင်ဂေါတမလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၉ရက်က ကျင်းပရာ ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအေးဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဘားအံမြို့ လှာကမြင်–နောင်ကမြိုင် ကတ္တရာလမ်းဖွင့်

ဘားအံ ဖေဖော်ဝါရီ ၂၂

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ လှာကမြင်–နောင်ကမြိုင်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းက အခမ်းအနားသို့ တက်ရောက်ပြီး ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဦးသိန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)** **(က–ပ)**

စစ်ကိုင်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၇ ရက်က ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုကြီးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ သန္တေအရန် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မီးသတ်ရေကန်များ စစ်ဆေးစဉ်။ (ခရိုင်မီးသတ်)

မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဇန်နဝါရီ ၂၂ ရက်က မော်ဘီမြို့မဈေးကြီး၌ ပြုလုပ်ရာ မြို့နယ်ဦးစီးအရာရှိ ဒေါ်ထွေးရီနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းထိုက်စိုးတို့ ကြီးကြပ်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟသ်ာတ၌ သောက်သုံးရေ ရရှိရေး ဆောင်ရွက်

ဟသ်ာတ ဖေဖော်ဝါရီ ၁၄

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ၁၀နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေး နှစ်အတွင်းဆောင်ရွက်သည့် သံကြိုးတန်းကျေးရွာအုပ်စု သံကြိုးတန်းကျေးရွာနှင့် ရေလဲကျေးရွာများတွင် တူးဖော်တပ်ဆင်ပြီး သုံးစွဲလျက်ရှိသည့် တစ်လက်မခွဲလက်နှိပ်တုံကင်တွင်းများကို ဖေဖော်ဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးငွေဝင်းတို့ကွင်းဆင်းကြည့်ရှု စစ်ဆေးကြကြောင်းသိရသည်။ **(က–ပ)**

ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချရေးစစ်ဆေး

ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၁၄

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း အသား၊ငါးနှင့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးကောင်းမွန်ရန် သန့်ရှင်းလတ်ဆတ်စွာရောင်းချစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်အဖွဲ့ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးမှုကို ဖေဖော်ဝါရီ ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ရွှေကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြစ်ကြီးနား၌ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အထက(၁)၊ အလက(၄)(ယခင် တောင်တန်းသာသနာပြုကျောင်း)၊ အထက(၅)နှင့် အလက(၆)(ယခင် အမက–၆)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် ၁၉၂၃ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ယူသွားကြသော ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲကို ၂၀၀၈ခုနှစ် မေလအတွင်း မြစ်ကြီးနားမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၉ ရက်မှစ၍ အပတ်စဉ်(စနေနေ့တိုင်း) မွန်းလွဲ ၂နာရီမှ ညနေ ၄ နာရီအထိ အစည်းအဝေးကို ပြည်နယ်ကြက်ခြေနီရုံးခန်းမတွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်၊ အပူဇော်ခံဆရာကြီး ဆရာမကြီးများဆက်သွယ်ကြပါရန် နှိုးဆော်ထားသည်။ အလှူငွေပါဝင်လှူဒါန်းလိုသူများ မြစ်ကြီးနားမှ ဦးဂဲနက်(စ်)ဖုန်း–၀၇၄–၂၃၅၀၁၊ ၀၉–၉၀–၄၁၆၇၁၊ ဒေါ်ခင်မေသန်း ဖုန်း–၀၉–၂၄၀၀၅၉၊ ၀၇၄–၂၄၁၁၃၊ ဒေါ်တင်တင်အေး ဖုန်း–၀၇၄–၂၂၅၅၂၊ ဒေါ်အာရ်ဂျုံးနော် ဖုန်း–၀၇၄–၂၂၄၆၈၊ ဦးအက်စ်ကူးမား ဖုန်း–၀၇၄–၂၆၄၃၃၊ ဒေါ်သင်းနုဆွေ ဖုန်း–၀၇၄–၂၂၄၄၀၊ ရန်ကုန်မှ ဦးအုန်းရွှေ ဖုန်း–၀၉–၅၀–၄၁၅၄၀၊ ဒေါ်ချိုချိုဇင် ဖုန်း–၀၉–၅၀–၁၇၉၁၉၊ ဒေါ်ကေဂျာနူး ဖုန်း–၀၁–၅၆၆၉၄၀၊ ဦးဟန်ဝင်းအောင် ဖုန်း–၀၉–၅၁–၃၂၀၉၃၊ ဒေါ်စွံ့ခင်မာဝင်း ဖုန်း–၀၉–၅၀–၁၇၂၆၈၊ မန္တလေးမှ ဦးသန်းလွင် ဖုန်း–၀၉–၂၀–၁၈၃၀၇ နှင့် ဒေါ်ရင်စိန် ဖုန်း–၀၂–၃၂၁၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၀၀၃)**

ဖေဖော်ဝါရီ ၇ ရက်က ကော့မှူးမြို့နယ် သမင်ခြံ အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၆–၂၀၀၇ပညာသင်နှစ် အားကစားနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးစံပြဆုရရှိအောင် ပံ့ပိုးကူညီခဲ့သော ကျေးရွာကျန်းမာရေး ဆရာမအား ကျောင်းအုပ်ဆရာကြီး ဦးမြသိန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က–ပ)

ပြည်သူ့သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

(၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဖွင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၉

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ (၆၃)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးများ၊ (၆၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စစ်ရေးပြတပ်ရေးဦးဆောင်သော ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများက စစ်ရေးပြကွင်းအတွင်း၌ နေရာယူကြပြီး စစ်ရေးပြမှူးထံ စစ်ရေးပြတပ်ရေးက တန်းအပ်သည်။

နိုင်ငံတော်အလံအလေးပြု

ဆက်လက်၍ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် အလေးပြုစင်မြင့်သို့ သွားရောက်နေရာယူပြီး ပြိုင်ပွဲဝင် စစ်တီးဝိုင်းအသင်းများမှ စစ်သည်များ၏အလေးပြုခြင်းကို ခံယူကာ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအသင်းများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုသည်။

စာမျက်နှာ ၁၀ ကော်လံ ၂ ❐

တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲတွင် နိုင်ငံတော် စစ်တီးဝိုင်း သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူလက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။